ကြေးမုံ
The Agri-Business News
စီးပွား
သတင်း
၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်သည်။

pkdyfsdrGea&;xGuUkfsm;ab;tEÅ,fuif;&Sif;ap&efESifh
ap;uGufykdS&Sdef twGuf
pkdyfsd&;qkdkm tavUusifUumif;(GAP)
aumif;rGeo a&owåar;Gea&;usifUpOf(GAqP)
aumif;rGeo wd&pämefrGea&;usifUpOf(GAHP)
wdkUusifUbkdY/

1383 ckESpf wydKUvqef;1&uft*F;aeY (1-2-2022) trSwf(795)

auxfxD DG
BuDxGE d
bkdf rwf
pm - 6

jrefrm ysdpf
aps;Eçefjrifh
aZmfvifxGE
pm - 9

aiGESrd b
pkdyfsKd dl
rsm;jym;
eefxufxufspf
pm - 3






လူ သားတို့အတွက် နေ့စဉ်အာဟာရဓာတ်လိုအပ်ချက်တွင် ဆီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ခန္ဓာကိုယ်အင်အားကို အဆီဓာတ်၊ ကစီဓာတ်နှင့် ပရိုတိန်းဓာတ်တို့မှရရှိသည်။ အဆီဓာတ်ကို တိရစ္ဆာန်ထွက်အစားအစာများနှင့် ဆီထွက်သီးနှံများမှရရှိသည်။

အဆီဓာတ်သည် ကစီဓာတ်နှင့် ပရိုတိန်းဓာတ်များထက် ကယ်လိုရီကို ပို၍ပေးသည်။ အဆီတစ်ဂရမ် စားသုံးပါက ကိုးကယ်လိုရီရပြီး ကစီဓာတ်နှင့် ပရိုတိန်းဓာတ် တစ်ဂရမ်စီ စားသုံးပါက လေးကယ်လိုရီသာ ရနိုင်သည်။

နေ့စဉ် အာဟာရလိုအပ်ချက်တွင် အဆီဓာတ် လိုအပ်သော်လည်း အဆီစားသုံးမှုများပြားပါက ကျန်းမာရေးကို ထိခိုက်နိုင်ပြီး အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါတို့ကို အားပေးခြင်းစသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

စားသုံးသောဆီများအဖြစ် ဖွဲနုဆီ၊ ပဲပုပ်ဆီ၊ အုန်းဆီ၊ မုန်ညင်းဆီ၊ သံလွင်ဆီ၊ ပြောင်းဖူးဆီ၊ နေကြာဆီ၊ စားအုန်းဆီ၊ နှမ်းဆီနှင့် မြေပဲဆီစသည့်အမျိုးမျိုးရှိသည်။

စာ – ၁၀ သို့

## jrefrmhS;y;opfcGm;avh rm&ezdvfac: awmifav Sm;\ rkdUuwmf



ရှမ်းကုန်းမြေမြင့် ခေါ် ရှမ်းတောင်တန်းကြီးများ၏ အပေါ်တွင် တည်ရှိနေသော ပြင်ဦးလွင်မြို့သည် ပန်းပေါင်းစုံဖြင့် သာယာလှပလျက် ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြရာ အပန်းဖြေရာ မြို့လည်းဖြစ်သည်။

မန္တလေးမြို့ဘက်မှ ပြင်ဦးလွင်မြို့သို့ လာရောက်ကြမည်ဆိုပါက ၁၆ မိုင်နေရာအရောက်၌ ရှမ်းကုန်းမြေမြင့်များ၏အစ ရှမ်းတောင်တန်းများအပေါ် စတင်တက်ရောက်ရပါသည်။ မိုင်တိုင်အမှတ် ၁၆ မိုင်သည်လည်း ပြင်ဦးလွင်မြို့နယ်၏ နယ်နိမိတ်အစပင်ဖြစ်ပြီး မြွေလိမ်၊ မြေကောက်လမ်းကလေးများနှင့် တောင်လှေကားများအတိုင်း

စာ – ၁၀ သို့



# ဧရာဝတီမတ်ပဲသစ်များအဆက်မပြတ်ဝင် အဖွင့်ဈေးကောင်း ဈေးကွက်သွက်လက်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲသစ်များပေါ်ချိန်တွင် လှိုင်လှိုင်ဝင်နေသော်လည်း ဈေးကောင်းရနေသည်။

မတ်ပဲဈေးနှုန်းမှာ ဇန်နဝါရီပထမပတ်က တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ရှိနေရာမှ နောက်ဆုံးရက်တွင် ၄၃၀၀၀ သို့ မြင့်တက်သွားသည်။

ထို့နောက် ဇန်နဝါရီ ၈ရက်နှင့် ၉ရက်တွင် တစ်တင်းလျှင် ကျပ် ၄၄၀၀၀ သို့ မြင့်တက်လာပြီး နောက်ရက်များတွင် ကျပ် ၄၅၀၀၀၊ ကျပ် ၄၅၅၀၀ အထိ ဆက်တိုက်မြင့်တက်လာခဲ့သည်။

အလားတူပင် မတ်ပဲအဟောင်းများလည်း မတ်ပဲအသစ် ဈေးနှုန်းများထက် တစ်တင်းလျှင် ကျပ် ၅၀၀ မှ ၁၀၀၀ ခန့်သာ ဈေးကွာသည်။

ယင်းကဲ့သို့ အဆက်မပြတ်ဝင်ရောက်နေစဉ် ဈေးနှုန်း မြင့်တက်နေခြင်းမှာ ပြည်ပဝယ်လက်ရှိကာ တင်ပို့မှုအလားအလာကောင်းများ ကြားသိနေရသောကြောင့် ဈေးမြင့်နေခြင်းဖြစ်သည်။

ဇန်နဝါရီ ၉ရက်တွင် ပြည်ပဝယ်လက် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲဈေးနှုန်းသည် တစ်ကွမ်တယ်လျှင် ရူပီးငွေ ၁၀၀ ခန့် ဈေးမြင့်တက်နေကြောင်း ကြားသိရသည်။

အိန္ဒိယနိုင်ငံတွင် မတ်ပဲနှင့်ပဲစင်းငုံကို ကန့်သတ်ကုန်စည်အဖြစ်မှ ကင်းလွတ်ခွင့်ပြုထားပြီး ငါးနှစ်တာကာလအတွင်း တစ်နှစ်လျှင် မတ်ပဲတန်ချိန် တစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်းတင်သွင်းရန် မြန်မာနိုင်ငံနှင့် G to G သဘောတူ လက်မှတ်ရေးထိုးထားပြီးနောက် မြန်မာမတ်ပဲဝယ်လိုအားမှာ ဈေးကွက်အတွင်းလှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့ကာ ယခုကဲ့သို့မတ်ပဲအသစ်များလည်း ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

အိန္ဒိယ၏ နှစ်စဉ်မတ်ပဲစားသုံးမှုမှာ တန်ချိန် ၂၇သန်း ၂၈သိန်းခန့် ရှိသည်ဆို၏။

PAK(Bio)

# ဆန်နှင့်ဆန်ကွဲပိုမိုတင်ပို့ခဲ့သော်လည်း ဝင်ငွေလျော့နည်း



**ရန်ကုန် ဇန်နဝါရီ ၂၂**

၂၀၂၂ ခုနှစ် ပထမသုံးလအတွင်း ယခင်နှစ်ကာလတူထက် ဆန်နှင့်ဆန်ကွဲကို ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း ဝင်ငွေလျော့နည်းရရှိခဲ့သည်ဟု သိရသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၃၃၆ သန်း တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ခြောက်သိန်းခွဲကျော် (၆၆၉၆၅၉ ဒသမ ၉၃၆ တန်) တင်ပို့နိုင်ခဲ့သည်။

ယင်းကာလအတွင်း ကန်ဒေါ်လာ ၁၄၄ ဒသမ ၉၃၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် လေးသိန်းကျော်(၄၃၈၉၂၄ ဒသမ ၈၉၉ တန်)နှင့် ကန်ဒေါ်လာ ၆၉ ဒသမ ၄ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၃၀၀၀၀ ကျော် (၂၃၀၇၃၄ ဒသမ ၂၅ တန်) စုစုပေါင်းကန်ဒေါ်လာ ၂၁၄ ဒသမ ၃၃၆ သန်း တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၆၆၉၆၅၉ ဒသမ ၁၄၉ တန် တင်ပို့ခဲ့ခြင်းဖြစ်သည်။

၂၀၂၁ –၂၂ မီနီဘတ်ဂျက်ကာလ ပထမသုံးလ အတွင်း အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၃၃၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၆၇၀၀၀၀ ခန့်(၆၆၉၆၅၉ ဒသမ ၁၄၉ တန်) တင်ပို့ခဲ့သည်။

ယခုဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း ဝင်ငွေလျော့နည်းခဲ့ခြင်းမှာ ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ ကျဆင်းနေသောကြောင့်ဖြစ်သည်။

ယခင်နှစ်က ဆန်တစ်တန် ပျမ်းမျှပေါက်ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၀၁ ပေါက်ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် ဆန်တစ်တန်လျှင် ပျမ်းမျှဈေးနှုန်း ကန်ဒေါ်လာ ၆၀ ခန့် ကျဆင်းသွားကြောင်းသိရသည်။

PAK(Bio)

# ထန်းတပင် နွေစပါးစိုက်ဧက ၅၀၀ တိုးချဲ့လျာထား



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် နွေစပါးစိုက်ဧက ယခင်နှစ်ထက် ဧက ၅၀၀ တိုးလျာထားကြောင်း သိရသည်။

ယခင်နှစ်က နွေစပါး ၃၆၂၇၆ ဧကသာ စိုက်ပျိုးခဲ့သော်လည်း ယခုနှစ်တွင် နွေစပါး ၃၆၇၇၆ ဧက စိုက်ပျိုးနိုင်ရန် လျာထားပြီး လျာထားစိုက်ဧကအားလုံး ဖေဖော်ဝါရီအတွင်း အပြီးစိုက်ပျိုးသွားမည် ဖြစ်သည်။

"ကျွန်တော်တို့ ထန်းတပင်မြို့နယ်မှာက နွေစပါးအပြင် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ကြံ၊ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းတွေလည်း စိုက်ကြတယ်။ အခုနှစ်က လျာထားဧက ၅၀၀ လောက် တိုးထားတဲ့အတွက် စိုက်ချိန်အမီ အားလုံးစိုက်နိုင်ရေး စိုက်ပျိုးရေးဌာနအနေနဲ့ တောင်သူတွေ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်"ဟု ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

ထန်းတပင်မြို့နယ်တွင် နွေရာသီစိုက်ပျိုးချိန်တွင် နွေစပါးအပြင် မြေပဲ ၅၁၁ ဧက၊ နွေနှမ်းဧက ၅၀၊ မတ်ပဲ ၇၃၈၅ ဧက၊ ပဲတီစိမ်း ၃၄၂ ဧက၊ ကြံ ၂၄၁ ဧက၊ အစေ့ထုတ်ပြောင်း ၂၅၅ ဧကနှင့် ဖူးစားပြောင်း ၇၅၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် နွေစပါး စိုက်ပျိုးကြမယ့်တောင်သူတွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးမှုနဲ့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို စိုက်ပျိုးစရိတ်သက်သာစေဖို့ ဓာတ်မြေဩဇာတစ်အိတ်ကို ၃၂၀၀၀ ကျပ်နဲ့ နှစ်ဧကလျှင် တစ်အိတ်နှုန်းနဲ့ ရောင်းချပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးစရိတ်သက်သာပြီး ဝင်ငွေပိုမိုတိုးတက်စေဖို့အတွက် သဘာဝမြေဩဇာပြုလုပ်တဲ့နည်းပညာတွေကို ဖြန့်ဖြူးပေးနေပါတယ်"ဟု ယင်းက ပြောသည်။

ထန်းတပင်မြို့နယ်အနေနှင့် နွေရာသီစိုက်ပျိုးသီးနှံများအတွက် စိုက်ပျိုးရေးကို မြစ်ရေတင်လုပ်ငန်း၊ ချောင်းမြောင်းရေတင်ခြင်း၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ရေထိန်းတံခါး၊ မြေအောက်ရေနှင့် စက်ရေတွင်းတို့မှရယူကာ စိုက်ပျိုးကြကြောင်း သိရသည်။

ဇော်လင်းထွဋ်

လယ်ယာစီးပွားသတင်း
The Agri-Business News
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်ရန်ကုန်မြို့

**ဓါတ်ပုံ**
သက်မော်

**ဒီဇိုင်း**
မြတ်လင်း၊ ခင်နွယ်နီအောင်သိန်း

**ဖလင်၊ ကာလာခွဲ**
Eagle

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ**
**ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်**
**– ဝါမိုးအောင်စာပေ၊ စာပေဗိမာန်အနီး**
**မန္တလေး – မန္တလေးရုံးခွဲ**
**– စိမ်းကိန်းဦးစီးဌာန**

**ဆက်သွယ်ရန်**

လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅

Email:
agribusinessnews2000@gmail.com

**အယ် ဒီ တာ့ အာ ဘော်**

# စားအုန်းဆီချောလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံစေချင်

မြန်မာနိုင်ငံတွင် ပြည်တွင်းဆီ စားသုံးမှုသည် နှစ်စဉ်တန်ချိန်ပေါင်း ၁ ဒသမ ၁ သန်းကျော်ရှိနေရာ ပြည်တွင်းထုတ်လုပ်မှု မလုံလောက်၍ နှစ်စဉ် ပြည်ပမှတင်သွင်းနေရဆဲဖြစ်သည်။

ဆီထွက်သီးနှံများတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်းစသည်တို့အပြင် အဓိကစားသုံးနေကြသော စားအုန်းဆီထုတ်လုပ်နိုင်သည့် ဆီအုန်း တိုးချဲ့စိုက်ပျိုးရေးကိုပါ အားပေးဆောင်ရွက်လျက်ရှိသည်။

လက်ရှိ စားသုံးဆီထုတ်လုပ်ပေးနေသော ဆီစက်များအစားခေတ်နှင့်အညီ ခေတ်မီဆီစက်များ ပြောင်းလဲအသုံးပြုလာနိုင်သည်နှင့် အမျှ ဆီထွက်နှုန်းမြင့်မားကာ အလေအလွင့်နည်းပါးပြီး မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီစသည်တို့က နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးလာနိုင်မည်ဖြစ်သည်။

ထို့ပြင် ဆီစက်ကြီးများမှ ထွက်ရှိလာသည့် ဆီကြိတ်ဖတ်များကိုလည်း တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်သဖြင့် ဆီလုပ်ငန်းရှင်များလည်း စီးပွားရေးပိုမိုတွက်ခြေကိုက်လာကြမည်ဖြစ်သည်။

ယခုအခါ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကာ တစ်နိုင်ငံလုံး၏ ဆီစားသုံးမှုစစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

လေ့လာမှုစစ်တမ်းအရ ရှမ်းပြည်နယ်မှ စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံထွက်ကုန်များအတွက် ခေတ်မီဆီစက်ကြီးများမရှိသေး၍ ကုန်ကြမ်းအဖြစ်သာ ရောင်းချနေကြရသေးသည်ကို သိရှိလာရသည်။

အလားတူပင်၊ ယခုအခါ နိုင်ငံတော်၏ ဆီအုန်းအခြေခံ မြန်မာ့ဆီအိုးကြီးအဖြစ် သတ်မှတ်ထားသည့် တနင်္သာရီတိုင်းဒေသကြီးတွင်လည်း နေ့စဉ်ထွက်ရှိသမျှ ဆီသီးခိုင်များမှ စားသုံးဆီအပြည့်အဝထုတ်လုပ်နိုင်ခြင်းမရှိသေး၍ စက်မှုကုန်ကြမ်းဆီအဖြစ် ရောက်ရှိနေသည့်ဖြစ်စဉ်များလည်း ကြုံတွေ့နေရဆဲ ဖြစ်သည်။

နိုင်ငံတကာ သုတေသနလေ့လာချက်များကိုအခြေခံကာ မြန်မာနိုင်ငံမှ သုတေသနပညာရှင်များသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဟတ်စဒင်း၊ မလိဝမ်း၊ အောင်ကြီး၊ ရေတံခွန်စသည့် ဆီအုန်းသုတေသနခြံများတွင် ယင်းလိုအပ်ချက်အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ဆဲဟု သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ လက်ရှိဆီအုန်းစိုက်ဧက လေးသိန်းကျော်အနက် ဧကတစ်သိန်းခွဲကျော်က ဆီသီးခိုင်များ နေ့စဉ်ထွက်ရှိနေပြီး သက်တမ်းလွန်ဆီအုန်းပင်အိုများနေရာတွင်လည်း ဆီထွက်နှုန်းမြင့်မားသည့် မျိုးကောင်းပင်ပျိုးများနှင့် လဲလှယ်စိုက်ပျိုးရေးကို ဆောင်ရွက်နေပြီဟု သိရသည်။

အရွယ်ရောက်ပြီး ဆီအုန်းတစ်ဧကမှ ပျမ်းမျှဆီသီးခိုင် လေးတန်ခန့်ထွက်ရှိပြီး ဆီသီးခိုင်တစ်တန်မှ ဆီကြမ်း ၀ ဒသမ ၂၂ တန်ထွက်ရှိနိုင်သဖြင့် စိုက်ဧကလေးသိန်းကိုသာ အပြည့်အဝဆီထုတ်လုပ်နိုင်ပါက ဆီကြမ်းတန်ချိန် ၃၅၀၀၀၀ ကျော်အထိ ရရှိမည်ဟု ခန့်မှန်းနိုင်သည်။

သို့သော် လက်ငင်းအခြေအနေတွင် လုပ်ကွက်ငယ် ဆီအုန်းတောင်သူများအနီးတွင် ဆီချောထုတ်ရန် စက်ရုံမရှိသေးသဖြင့် စားအုန်းဆီ (ဆီချော)အဆင့်ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် လုပ်ငန်းရှင်များစွာ လိုအပ်နေသည်ကို တွေ့မြင်နေရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့်လုပ်ငန်းရှင်များကို နိုင်ငံတော်က နွေးထွေးစွာကြိုဆိုလျက်ရှိရာ စားအုန်းဆီ၊ ဆီအိုးကြီးဒေသအဖြစ် သတ်မှတ်ထားသော တနင်္သာရီတိုင်းဒေသကြီးတွင် စားအုန်းဆီချောထုတ်လုပ်နိုင်မည့် စက်ရုံသစ်များ ရင်းနှီးမြှုပ်နှံမှု များစွာပေါ်ထွန်းလာပါက နိုင်ငံတော်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံများအတွက် များစွာအကျိုးဖြစ်ထွန်းလာစေမည် ဖြစ်ပါကြောင်း။ ။

# ငွေနှင်းမှိုစိုက်ပျိုးမှုများပြား ဈေးနှုန်းအနည်းငယ်အေး

နေပြည်တော် အနီးတစ်ဝိုက် ဒေသများတွင် ငွေနှင်းမှိုစိုက်ပျိုးမှု များပြားလာပြီး မှိုဈေးအနည်းငယ် အေးနေကြောင်း စီးပွားဖြစ် စိုက်ပျိုး ထုတ်လုပ်သူများထံမှသိရသည်။

"ငွေနှင်းမှိုဈေးက နည်းနည်း အေးနေတယ်။ အရင်ဆို ဒိုင်သွင်း ဈေး(တောင်သူများမှ မှိုဒိုင်သို့ သွင်းသည့်ဈေး)က တစ်ပိဿာကို ၂၅၀၀ ကျပ်၊ ဒိုင်ရောင်းဈေး (မှိုဒိုင်မှဈေးကွက်သို့ လက်ကား ပြန်ရောင်းသည့်ဈေး) က တစ်ပိဿာ ကို ၃၅၀၀ ကျပ်ရှိခဲ့တယ်။ အခု ကျတော့ ဒိုင်သွင်းဈေးက တစ်ပိဿာ ကို ၂၃၀၀ ကျပ်၊ ဒိုင်ရောင်းဈေးက တစ်ပိဿာကို ၃၀၀၀ ကျပ်ပဲ ဈေးရှိပါတော့တယ်။ အခုနောက်ပိုင်း နေပြည်တော် အနီးတစ်ဝိုက်မှာ ငွေနှင်းမှိုစိုက်ပျိုးမှု အရင်ကထက် ပိုများလာတဲ့အတွက်ကြောင့်လို့ ထင်ပါတယ်"ဟု နေပြည်တော်



ပျဉ်းမနားမြို့မှ ငွေနှင်းမှို စီးပွားဖြစ် စိုက်ပျိုးရောင်းချသူ ကိုညွန့်ဝင်းက ပြောသည်။

နေပြည်တော် ပျဉ်းမနားမြို့ ရှိ ငွေနှင်းမှို မျိုးထုပ်ဈေးကွက် အတွင်း ၇/၁၂လက်မအရွယ် ငွေနှင်းမှိုမျိုးထုပ်တစ်ထုပ်လျှင် ၆၀၀ ကျပ်၊ ၇/၁၃ လက်မအရွယ် ငွေနှင်းမှိုမျိုးထုပ်တစ်ထုပ်လျှင် ၆၅၀ကျပ် ဈေးနှုန်းများဖြင့်လက်ကား ရောင်းချနေကြောင်း သိရသည်။

"လတ်တလောမှာ အလုပ် မရှိသေးသူတွေက မှိုစိုက်ပျိုးရေး ကို စိတ်ဝင်စားလာတယ်။ မှိုစိုက် တာက အရင်းအနှီးနည်းတယ်။ ငွေနှင်းမှိုကို ကောက်ရိုးမှို စိုက်ပျိုး တာထက် ပိုစိတ်ဝင်စားကြတယ်။ ကောက်ရိုးမှိုစိုက်တာက အပူချိန် နဲ့စိုထိုင်းဆတွေ လိုအပ်သလို ထိန်း ပေးနိုင်မှကောင်းတာ။ စိုထိုင်းဆ အဆင်ပြေရင်တောင် ခုလိုအေးတဲ့ ရာသီမှာ အပူချိန်တက်အောင် လုပ်ဖို့က ခက်တယ်။ စိုက်ပျိုးဖို့ အတွက် နည်းစနစ်သေချာသိဖို့ လည်း လိုအပ်တယ်။ ဒါကြောင့် ငွေနှင်းမှိုကိုပဲ အများစုက စိုက်လာ ကြတာပါ။ ငွေနှင်းမှိုကျတော့ အထုပ်လေးတွေဆိုတော့ အိမ်ရှင်မ တွေကအစ တစ်နိုင်တစ်ပိုင် စိုက်ပျိုး လာကြတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ငွေနှင်းမှိုသည် စိုက်ပျိုး နည်းစနစ် လွယ်ကူရိုးရှင်းပြီး လေထုနှင့်တိုက်ရိုက်မထိတွေ့စေ ရန်နှင့် မှိုထုပ်အဟောင်းနှင့် အသစ် ရောထွေးမစိုက်ပျိုးရန်စသည့် အချက်တချို့ကိုသာ သတိပြုစိုက်ပျိုး ရကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ရွှေပဲသီးစိုက်ပျိုးရာတွင် မျိုးရွေးချယ်မှုမှန်ရေး အထူးသတိပြုသင့်

ရွှေပဲသီးစိုက်ပျိုးရာတွင် မျိုးရွေးချယ်မှုမှန်ရေး အထူးသတိပြုသင့်ကြောင်း စီးပွားဖြစ်စိုက်ပျိုးသူများထံမှသိရသည်။

"မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးတတ်ဖို့ လိုအပ်ပါတယ်။ ရွှေပဲသီးပင်မျိုးတွေမှာ အစေ့စားမျိုး၊ အရွက်စားမျိုး၊ အသီးစားမျိုးဆိုပြီး ရှိပါတယ်။ ရွှေပဲသီး သီးတဲ့မျိုးကို စိုက်ပျိုးရတာပါ။ မျိုးမှားစိုက်မိရင် အပင်ကြီးလာမှသိရပြီး စိုက်ပျိုးထားသမျှ ကုန်ကျစရိတ်တွေ ဆုံးရှုံးသွားနိုင်လို့ပါ။ နောက်တစ်ချက်ကတော့ ရွှေပဲသီးပင် စိုက်ပျိုးရင် ဘယ်ဒေသမှာစိုက်စိုက် ဖားဥမှိုရောဂါက မဖြစ်မနေ ကျတတ်ပါတယ်။ စုပ်စားပိုးလည်း သတိထားရပါမယ်။ ဒါတွေကို ကြိုတင်ကာကွယ်တတ်ဖို့ အရေးကြီးပါတယ်"ဟု ရှမ်းပြည်တောင်ပိုင်း ပင်းတယမြို့နယ်မှ ရွှေပဲသီးပင် စီးပွားဖြစ် စိုက်ပျိုးသူ ကိုသက်လင်းဦးက ပြောသည်။

ရွှေပဲသီးပင် စိုက်ပျိုးသူများအနေဖြင့် ဖားဥမှိုရောဂါကို ကြိုတင်ကာကွယ်ရန် လိုအပ်ပြီး၊ အပင်အခြေအနေအပေါ် မူတည်ပြီး မှိုသတ်ဆေးများကို သင့်တော်သလို သုံးစွဲပေးကြရသည်။

ဘောင်စနစ်နဲ့စိုက်တယ်။ တစ်ပေခွဲအကွာမှာ အနက်တစ်ထွာလောက် ကျင်းလေးတွေလုပ်ပြီး ကျင်းတစ်ကျင်းစီမှာ မျိုးစေ့လေးစေ့စီ ထည့်စိုက်တယ်။ နွားချေးဆွေးကို ကျင်းထဲထည့်တယ်။ စိုက်ပြီး ရေတာန်းပေးပါတယ်။ ၈ ပေအကွာစီမှာ ဝါးလုံးတိုင်တွေစိုက်တယ်။ တိုင်စိုက်ပြီးရင် ပီနံကြိုးတွေနဲ့ ကြိုးတန်းတယ်။ ပြီးတော့ ပဲနွယ်တွေတက်ဖို့ ပိုက်တွေဆင်ရတယ်။ ငါးရက်အကြာမှာ အပင်ပေါက်လာတယ်။ အပင်ပေါက်ပြီး အပေါ်ရွက်လေးငါးရွက်စုံတော့မှ ၁၅ ပတ်လည်မြေဩဇာ ကျွေးရပါတယ်"ဟု ၎င်းက ဆက်ပြောကြားသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့၌ ရွှေပဲသီးပင် ဈေးကွက် အောင်မြင်ဖြစ်ထွန်းမှု ရှိနေသည်။

"ရွှေပဲသီးပင်ကို စီးပွားဖြစ် စတင်စိုက်ဖြစ်တာတော့ နှစ်နှစ်လောက်ရှိပါပြီ။ ကျွန်တော်တို့ ရှမ်းပြည်တောင်ပိုင်းရဲ့ ရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်လည်း ပုံမှန်ရှိတာကြောင့် စိုက်ပျိုးဖြစ်ခဲ့တာပါ။ ဒီပင်းတယဒေသအနီး တစ်ဝိုက်မှာတော့ ရွှေပဲသီးပင်




"အပင်ငယ်စဉ်မှာ ပျ၊ ဖြုတ်စိမ်း၊ လေ့ပိုးတို့ သတိထားနှိမ်နင်းရတယ်။ အသီးတွေမှာ စုပ်စားပိုးဝင်သွားရင် အသီးတွေ မလှဘဲ တွန့်ကောက်ကုန်တတ်တယ်။ ရွှေပဲပင်က နူးညံ့တဲ့ အပင်ဖြစ်တဲ့အတွက် ပြင်းထန်တဲ့ ပိုးသတ်ဆေးမျိုးတွေနဲ့ မသင့်တော်ပါဘူး။ စနစ်တကျ ချိန်ဆသုံးစွဲတတ်ရပါတယ်။ ကျွန်တော်က

စီးပွားဖြစ်စိုက်ပျိုးသူ များပြားတယ်။ နှစ်စဉ် စိုက်ပျိုးချိန်ရောက်တိုင်း စိုက်ပျိုးကြပါတယ်။ ဈေးကွက်က ကျွန်တော်တို့ ရှမ်းတောင်မှာဆိုရင်တော့ အောင်ပန်းက ရွှေပဲသီးပွဲရုံကို တင်ပို့ရောင်းချပါတယ်"ဟု ရှမ်းပြည်တောင်ပိုင်း ပင်းတယမြို့နယ်မှ ရွှေပဲသီးပင် စိုက်ပျိုးသူ ကိုသက်လင်းဦးက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဒေသများတွင် ရွှေပဲသီးပင်ကို အောက်တိုဘာတွင် စတင်စိုက်ပျိုးကြပြီး ရက် ၆၀ ဝန်းကျင်အကြာ ဒီဇင်ဘာ၌ အသီးခူးဆွတ်ကြသည်။

"ဒီနှစ်မှာတော့ ရွှေပဲသီး ပေါ်ခါစမှာ တစ်ပိဿာကို ၄၅၀၀ ကျပ် ပေါက်ဈေးရပါတယ်။ နှစ်စဉ် လေ့လာကြည့်သလောက်ဆိုရင် ရွှေပဲသီးဝယ်ယူတဲ့ပွဲရုံက ရွှေပဲသီး အဝင် အနည်းအများအပေါ် မူတည်ပြီး ဈေးဖြတ်ပေးတာကို တွေ့ရပါတယ်။ ရွှေပဲသီးအထွက်နှုန်း နည်းတဲ့အချိန်၊ စိုက်ပျိုးသူ နည်းပါးတဲ့အချိန်မှာဆိုရင် ဈေးပိုရတတ်ပါတယ်။ ဈေးကွက်တင်ပို့ရာမှာ တော့ အခက်အခဲအများကြီး မရှိပါဘူး။ အောင်ပန်းကို တင်ပို့တဲ့ အခါ မိုးမလင်းခင် အရောက်ပို့ပေးရပါတယ်။ အောင်ပန်းမှာက မနက် ၈ နာရီ၊ ၉ နာရီဆိုရင် တချို့ဈေးကွက်တွေက မရှိတော့ဘူးဆိုတော့ အချိန်အခါကြည့်ပြီးတော့ မနက်ပိုင်း စောစောတင်ပို့ပေးရပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

မျိုးဖိုး၊ တိုင်ဖိုး၊ ပိုက်ဖိုး၊ ဆေးဖိုး၊ စက်ထယ်ခစသည့် အထွေထွေစိုက်ပျိုးစရိတ်များကို ပျမ်းမျှတွက်ချက်ကြည့်ပါက ရွှေပဲသီးပင် တစ်ဧကစိုက်ပျိုးစရိတ် စုစုပေါင်း ရှစ်သိန်းကျပ် မှ ကျပ် ၁၀ သိန်း ဝန်းကျင် ကုန်ကျနိုင်ကြောင်း သိရသည်။ **နန်းထက်ထက်ချစ်**



# ရေအားလျှပ်စစ်ရရှိမည့် မြို့ကြီးရေလှောင်တမံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေဖူလုံစေရေးအပြင် ရေအားလျှပ်စစ်ထုတ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံသည် တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံတို့မှ ပို့လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံနှစ်ခုကြား စီးဆင်းလာသောရေများကို စုဆောင်းသိုလှောင်၍ ရေအားလျှပ်စစ် ၁၅ မဂ္ဂါဝပ်နှစ်လုံးကို စွမ်းအားပြည့် ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည့်အပြင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးမြေဧရိယာ ၃၃၀၀၀ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ပြန်ကြားရေး**

# ကောလင်းဂေါ်ဖီစိုက်တောင်သူများ ဈေးကောင်းရ၍ စီးပွားရေး အဆင်ပြေ




**ရန်ကုန် ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဒေါင်းမြူးချောင်းကို အားပြုစိုက်ပျိုးသော ဂေါ်ဖီထုပ်များ ဈေးကောင်းရလျက်ရှိသည်။


ယခင်နှစ်များက ဂေါ်ဖီတစ်ထုပ်လျှင် ၅၀၀/၆၀၀ ကျပ်သာ ရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၅၀၀ ကျပ်အထိ ဈေးရရှိနေကြသည်။

တစ်ဧကစိုက် အပင် ၈၀၀၀ ခန့်အတွက် စုစုပေါင်း မျိုးဖိုး၊ ပိုးသတ်ဆေး၊ လုပ်သားခ၊ ဓာတ်မြေဩဇာ စသည့် သွင်းအားစု ကျပ်နှစ်သိန်းခွဲခန့်သာ ကုန်ကျကြောင်း တောင်သူတစ်ဦးထံမှ သိရသဖြင့် ယခုနှစ် ဂေါ်ဖီစိုက်တောင်သူများ အကျိုးအမြတ် ဖြစ်ထွန်းနေကြသည်။

(PAK - Bio)

# ကတ္တီပါစိန်ခြယ်ပန်းပင် ဆေးဖက်ဝင်

ကြေးမုံယံ



**ကတ္တီပါ** စိန်ခြယ်ပန်းဟု လူသိများသည့်ပန်းကို လိပ်ပြာပန်းဟုလည်း ခေါ်ကြပြီး အင်္ဂလိပ်အမည်မှာ Cosmos, Mexico Aster ဟုလည်း ခေါ်ကြ၏။ ရုက္ခဗေဒအမည်မှာ *Cosmos caudatus* ခေါ်ဆိုကာ မျိုးရင်း Asteraceae တွင် ပါဝင်၏။ ထိုပန်းကို Universe စကြဝဠာဟုလည်း တင်စားခေါ်ဝေါ်ကြ၏။

## နောက်ခံသမိုင်းနှင့် ပျံ့နှံ့ပေါက်ရောက်ပုံ

ကတ္တီပါစိန်ခြယ်ပန်းပင်သည် လက်တင်အမေရိကာ ဘရာဇီး နိုင်ငံတောင်ပိုင်းမှသည် မက္ကဆီကိုမြောက်ပိုင်း ဒေသများ၊ အင်းဒိစ် အနောက်ပိုင်းဒေသများ တွင် မူရင်းပေါက်ရောက်ပြီး ထိုမှတစ်ဆင့် အာရှတိုက်၏အပူပိုင်းဒေသများဆီသို့ သဘာဝ အလျောက် ပျံ့နှံ့ပေါက်ရောက်သွားကြ၏။ ယင်းပန်းပင် လှပမှုကြောင့် ၂၀၁၆ ခုနှစ်ကို Year of Cosmos အဖြစ် သတ်မှတ်ခံခဲ့ရ၏။

## အသွင်အပြင်နှင့်ဖွဲ့စည်းတည်ဆောက်ပုံ

ကတ္တီပါစိန်ခြယ်ပန်းပင်များသည် တစ်နှစ်ခံ ပင်စည်ပျော့အမျိုးအစားဖြစ်၏။ ပင်စည်၏အရောင်မှာ အစိမ်းဖျော့မှသည် ခရမ်းရောင်သန်းပြီး အရည်ရွှမ်းကာ လေးထောင့်ပုံသဏ္ဌာန်ရှိ၏။ အရွက်လေးများမှာ နူးညံ့ပြီး အနံ့ပြင်းကာ သေးသွယ်သည်။ ရွက်ဆိုင်လေးများထွက်လေ့ရှိပြီး bi or tripinnate or pinnatisect ထွက်တတ်၏။ ပန်းပွင့်အရောင်မှာ ပန်းရောင်၊ ပန်းခရမ်း၊ အဝါ၊ လိမ္မော်စသဖြင့် ရောင်စုံပန်းပွင့်လေးများရှိကြပြီး ဗီနီလာရနံ့ကဲ့သို့ သင်းပျံ့သည့်ရနံ့ရှိကြ၏။ ပန်းပွင့်ပုံမှာ ရိုးတံတစ်ခုတည်းတွင် တစ်ပွင့်တည်း သို့မဟုတ် ခပ်ကျဲကျဲ အစုလိုက်ပွင့်တတ်၏။

## ဆေးဖက်ဝင်အသုံးများ

ကတ္တီပါစိန်ခြယ်ပန်းပင်ကို အရှေ့တောင်အာရှနိုင်ငံများ၌ ရိုးရာတိုင်းရင်းဆေးပညာရပ်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြ၏။ ထိုပန်းပင်တွင် ဓာတ်တိုးဆန့်ကျင်နိုင်သည့်စွမ်းအားမြင့်မားစွာပါဝင်ခြင်း၊ ဆီးချိုရောဂါကိုဆန့်ကျင်နိုင်စွမ်း၊ သွေးအတွင်းရှိ ဂလူးကို့စ်ဓာတ်ကို လျှော့ချနိုင်စွမ်း၊ သွေးတိုးခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ကိုယ်လက် ရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ အရိုးများကိုကြံ့ခိုင်နိုင်စွမ်း၊ အဏုဇီဝပိုးများကို ဆန့်ကျင်နိုင်စွမ်းရှိ၏။

ကတ္တီပါစိန်ခြယ်ပန်းပင်ကို စပိန်နိုင်ငံသားများက မက္ကဆီကိုနိုင်ငံမှသည် အရှေ့တောင်အာရှနိုင်ငံများဆီသို့ ဖိလစ်ပိုင်နိုင်ငံမှတစ်ဆင့် သယ်ဆောင်လာခြင်းဖြစ်၏။ ထိုအပင်တွင် ဓာတ်တိုးဆန့်ကျင်နိုင်သည့် ဂုဏ်သတ္တိကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် အရိုးကျန်းမာရေးကို ပိုမိုကောင်းမွန်စေခြင်းနှင့် သွေးဆုံးပြီးနောက်ပိုင်း အရိုးပွရောဂါဖြစ်ပွားခြင်းတို့အတွက် အထောက်အပံ့ကောင်း ရစေသည့်အပြင် သွေးလည်ပတ်မှုကိုလည်း အားကောင်းစေ၏။

ကတ္တီပါစိန်ခြယ်ပန်းပင်ကို အရေပြားရောဂါအမျိုးမျိုး ကုသရာတွင် အသုံးပြုကြ၏။ မက္ကဆီကိုနိုင်ငံတွင်လည်း ငှက်ဖျားရောဂါကုသဆေးအဖြစ် အသုံးပြုကြ၏။

ကတ္တီပါစိန်ခြယ်အရွက်တွင် ခန္ဓာကိုယ်ကို ကောင်းကျိုးများစွာဖြစ်စေသော အာဟာရဓာတ် များစွာ ပါဝင်ခြင်းကြောင့် ယင်း၏ ဆေးဖက်ဝင် အသုံးများကို မျှဝေလိုက်ရပါ၏။

– တိုကိုဖီရောလ် Tocopherol ပိုလီဖီနောလ် Polyphenols ဟိုက်ဒရိုဆီယူဂျီနောလ် Hydroxyeugenol အစရှိသည့် ဓာတ်များစွာပါဝင်သည့် ကတ္တီပါစိန်ခြယ်ရွက်သည် အစာအိမ်အတွင်းရှိ အက်စစ်ဓာတ်ကို မျှခြေအနေအထားဖြစ်စေ နိုင်စွမ်းရှိပြီး ယင်းအရွက်ကို ပြုတ်ပြီးစားခြင်းဖြင့် ခန္ဓာကိုယ်တွင်း ကိုယ်ပတွင် ဖြစ်ပွားတတ်သော ပြည်တည်နာများကို သက်သာစေနိုင်စွမ်းရှိ၏။

– နှလုံးအားနည်းခြင်းဝေဒနာ ခံစားနေရသူများနေဖြင့် အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် ကတ္တီပါစိန်ခြယ်အရွက်ကို စားသုံးသင့်၏။ ဖလေဗာနွိုက် Flavonoids ကြွယ်ဝစွာပါဝင်သည့် ထိုအရွက်သည် ပျက်စီးသွားသောဆဲလ်များကို ပြန်လည်ပြုပြင်ရာတွင် အထောက်အကူပြုသည့်အပြင် နှလုံးအိမ်အတွင်း သွေးစီးဆင်းလည်ပတ်မှုကို ကောင်းမွန်စေပြီး နှလုံးကြွက်သားများကို ကြံ့ခိုင်သန်စွမ်းစေ၏။

– ကတ္တီပါစိန်ခြယ်ရွက်တွင် ဆာပိုနင် Saponins၊ တာပင်နွိုက် Terpenoid၊ ဖလေဗာနွိုက်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ကင်ဆာဆဲလ်များ အထူးသဖြင့် ရင်သားကင်ဆာ၊ အစာအိမ်ကင်ဆာနှင့် အသည်းကင်ဆာရောဂါများကို ဖြစ်ပွားစေသည့် ဆဲလ်များကို ထိရောက်စွာ တိုက်ဖျက်နိုင်စွမ်းရှိ၏။

– ကတ္တီပါစိန်ခြယ်တွင် ပိုလီဖီနောလ်နှင့် တိုကိုဖီရောလ် ကွန်ပေါင်းတို့ပါဝင်သည့်အတွက် ပါးချိပ်ရောင်နာ၊ မော်နာဖြစ်ခြင်းကြောင့် ရောင်ရမ်းနာကျင်ခြင်းဝေဒနာကို ခံစားနေရပါက ယင်းအရွက်ကို စားသုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်စွမ်းရှိ၏။

– ကတ္တီပါစိန်ခြယ်အရွက်တွင် တာပင်နွိုက်နှင့် ရောင်ရမ်းနာ ဆန့်ကျင်နိုင်စွမ်းပါဝင်သည့်အတွက် ရင်သားရောင်ရမ်းခြင်းဝေဒနာကို ကုသရာတွင် အသုံးပြုကြ၏။

– ကတ္တီပါစိန်ခြယ်အရွက်တွင် ဗီတာမင်အီး၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်း၊ ဖလေဗာနွိုက်တို့ပါဝင်သည့်အတွက် ကိုယ်တွင်းအင်္ဂါများရှိ အဆိပ်အတောက်များကို သဘာဝအတိုင်းသန့်စင်ပေးနိုင်သည့် ပစ္စည်းအဖြစ် အသုံးပြုကြ၏။ ယင်းအရွက်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် သွေးအတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ပြီး သွေးသားသန့်စင်စေ၏။

– ကတ္တီပါစိန်ခြယ်အရွက်တွင် ဗီတာမင်အေနှင့် ဗီတာမင်အီးတို့ပါဝင်သည့်အတွက် ကိုယ်ခံအားစနစ် တိုးတက်ကောင်းမွန်စေရန် အထောက်အပံ့ကောင်းဖြစ်စေ၏။ ထို့ပြင်သာမက ကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်ကို ကောင်းမွန်စေရန် အထောက်အကူပေးသည့် ဗီတာမင်စီဓာတ်လည်း ကြွယ်ဝစွာပါဝင်၏။

– ကတ္တီပါစိန်ခြယ်အရွက်တွင် ဓာတုဓာတ်များ၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်ဓာတ်တို့ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အရိုးများကို သန်စွမ်းကြံ့ခိုင်စေ၏။ ကလေးငယ်များ၏ အရိုးများကြီးထွားဖွံ့ဖြိုးချိန်တွင် ယင်းဓာတ်များ လိုအပ်မှုအမြင့်မားဆုံးဖြစ်ပြီး အရိုးများ ကျန်းမာကြံ့ခိုင်စေခြင်း ဆုလာဘ်ကောင်းကို ရရှိစေ၏။

– ကတ္တီပါစိန်ခြယ်အရွက်တွင် အစာစားလိုစိတ်ကို မြင့်တင်ပေးနိုင်စွမ်းရှိသည့် ကွာစီတင် quercetin ကွန်ပေါင်းပါဝင်ခြင်းကြောင့် အစာကျွေးရန်ခက်ခဲသည့်ကလေးများ အတွက်လွန်စွာအထောက်အကူဖြစ်စေ၏။

– ကတ္တီပါစိန်ခြယ်အရွက်တွင် ပါဝင်သည့် Coniferil alcohol ဟု ခေါ်သည့်အော်ဂဲနစ်ကွန်ပေါင်းသည် ခံတွင်းအနံ့ဆိုးကို ဖြစ်စေတတ်သည့် ဘက်တီးရီးယားများကို သေစေနိုင်စွမ်းရှိသည့်အတွက် ယင်းအရွက်ကို စားသုံးခြင်းဖြင့် ဘက်တီးရီးယားများကို သေစေကာ အသက်ရှူလိုက်သည့်အခါ အနံ့ဆိုးကင်းသောလေကို ရှူရှိုက်နိုင်၏။

## ကတ္တီပါစိန်ခြယ်ပန်းပွင့်နှင့် အရွက် ရေနွေးကြမ်း

လတ်ဆတ်သော ကတ္တီပါစိန်ခြယ်ပန်းပွင့်များကို ခူးကာ နေရောင်အောက်တွင် နှစ်ရက်တာ အခြောက်ခံပါ။ ရရှိလာသော ပန်းခြောက် ၁၅ ပွင့်ခန့်ကို လက်ဖက်ရည်ပန်းကန်လုံးထဲတွင် ထည့်ပါ။ ပြီးလျှင် ပွက်ပွက်ဆူသော ရေနွေးထည့်ပြီး အဖုံးအုပ်ကာ ၅ မိနစ်ခန့် နှပ်ထားပေးပါ။ ပြီးလျှင် ပန်းပွင့်ဖတ်များကိုစစ်ပြီး အရည်ကို သောက်သုံးပါ။ ဗီတာမင်စီ ကြွယ်ဝစွာပါဝင်သည့် ကတ္တီပါစိန်ခြယ်ပန်းခြောက်ရေနွေးကြမ်းကို သောက်သုံးခြင်းဖြင့် ပန်းနာရင်ကျပ်ဝေဒနာကို သက်သာစေခြင်း၊ ကိုယ်ခံစွမ်းအားကို မြင့်တက်စေနိုင်ခြင်းအစရှိသည့် ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်၏။ အသုံးပြုလိုက်သည့် ပန်းပွင့်လေးများ၏ အရောင်အလိုက် ရရှိလာသည့် ရေနွေးကြမ်းအရောင်လည်း ပြောင်းလဲနိုင်၏။

ကတ္တီပါစိန်ခြယ်အရွက်နုလေးများကိုလည်း အခြောက်လှမ်းကာ ရေနွေးကြမ်းပြုလုပ်သောက်သုံးခြင်းဖြင့် ဓာတ်တိုးဆန့်ကျင်နိုင်စွမ်းရည် အမြင့်ဆုံးကိုရရှိနိုင်ပြီး ကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း သုတေသနပြုချက်များက ဆို၏။

## အခြားအသုံးများ

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ယင်းအပင်ကို ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်အသုပ်များ ပြုလုပ်ပြီး တွင်တွင်ကျယ်ကျယ် စားသုံးကြ၏။ ထို့ပြင် အရွက်ကို အစိမ်းအတိုင်းသော်လည်းကောင်း၊ ပြုတ်ပြီးသော်လည်းကောင်း ငပိထောင်း၊ ငပိရည်ဖျော်တို့နှင့် တွဲဖက်ကာ စားသုံးကြ၏။

ကတ္တီပါစိန်ခြယ်ပန်းလေးများမှ ရရှိသည့် အရောင်များကို အစားအစာများပြုလုပ်ရာတွင် အသုံးပြုသည့် သဘာဝဆိုးဆေးအဖြစ်လည်းကောင်း၊ အဝတ်အထည်များ အရောင်ဆိုးရာတွင်လည်းကောင်း အသုံးပြုနိုင်၏။

## တစ်ပိုင်တစ်နိုင် ပရဆေးဥယျာဉ်ဖန်တီး

ကတ္တီပါစိန်ခြယ်ပန်းပွင့်၏ သင်းပျံ့သောရနံ့၊ အရောင်အသွေးစုံလင်စွာ လှပမှုနှင့်သေးမျှင်သည့် အရွက်ငယ်လေး

စာ – ၈ သို့





# ကော်ဖီစီးပွား ကြီးထွားဖွံ့ဖြိုး

ဘုန်းမြတ်

အရှေ့အာဖရိကမှာရှိတဲ့ အီသီယိုးပီးယားနိုင်ငံမှာ ဆိတ်ကျောင်းသား ခယ်လ်ဒီ (Kaldi) စတင်တွေ့ရှိခဲ့တဲ့အပင်က အသီး၊ အသီးထဲက အစေ့ကနေ မထင်မှတ်ဘဲ ရခဲ့တဲ့ (Beverage) သောက်သုံးစရာအရည်ဟာ "ကော်ဖီ"ဆိုပြီး ယခုတိုင် နာမည်ကြီးနေပါပြီ။ ၁၅ ရာစုမှာ ကော်ဖီပင်တွေကို စီးပွားဖြစ်စိုက်ပျိုးလာကြပြီ။ ၁၅ ရာစုနောက်ပိုင်းမှာ ကော်ဖီဆိုင်တွေရှိလာပြီ။ ၁၆ ရာစုခန့်မှာ အာဖရိကတိုက်က ကော်ဖီစေ့တွေကို ဒတ်ချ်တို့က သီရိလင်္ကာနိုင်ငံ သယ်ယူစိုက်ပျိုးကြပြီ။ ဒီနောက် အိန္ဒိယနဲ့ အင်ဒိုနီးရှားနိုင်ငံအထိ ကော်ဖီပင်တွေစိုက်ပျိုးပြီး ကော်ဖီစေ့ထုတ်လုပ်ရောင်းချလာကြပြီ။ ဥရောပတိုက်မှာလည်း ၁၇ ရာစုမှာ ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ရောက်ရှိပြီ။ ဒီနောက်ပိုင်း ရာစုတွေမှာ ကော်ဖီဟာ လူကြိုက်များလာပြီး နိုင်ငံများစွာ စိုက်ပျိုးလာကြပါတော့တယ်။ ၂၁ ရာစု ကာလမှာတော့ ကော်ဖီဟာ တစ်ကမ္ဘာလုံး နိုင်ငံပေါင်းများစွာမှာရှိတဲ့ လူမျိုးပေါင်းစုံတို့ရဲ့ ဒုတိယသောက်သုံးမှု အများဆုံး သောက်စရာ (Beverage) ဖြစ်လာခဲ့ပါပြီ။ ပထမကတော့ ရေဖြစ်ပါတယ်။ ကမ္ဘာ့ကုန်သန်းရောင်းဝယ်မှုလုပ်ငန်းမှာလည်း ကော်ဖီဟာ ဒုတိယရောင်းကုန်ပစ္စည်း ဖြစ်နေပါတယ်။ ပထမကတော့ ရေနံဖြစ်ပါတယ်။

ကော်ဖီဆိုင်တွေဟာ တူရကီ၊ ပြင်သစ်၊ ဘရာဇီး၊ အမေရိကန်ပြည်ထောင်စုနဲ့ အာရှတစ်လွှားမှာ မိုးရာသီမှာ မှိုတွေ မြေကြီးကထွက်ပေါ်လာသလို ဆိုင်တွေများစွာ ရှိလာကြတယ်။ Starbuckes လို ကော်ဖီဆိုင်ကြီးတွေဟာ ကမ္ဘာ့အနှံ့ကော်ဖီဆိုင်ခွဲပေါင်း သောင်းချီဖွင့်လာကြတယ်။ ကော်ဖီကြိုက်လို့ သောက်ကြသူတွေ၊ ကော်ဖီဆိုင်မှာ တစ်ဦးနှင့်တစ်ဦးတွေ့ဆုံပြောဆိုဆွေးနွေးလိုလို့ သောက်ကြသူတွေနဲ့ စည်ကားလာပြီး ကော်ဖီယဉ်ကျေးမှု၊ ကော်ဖီအနုပညာ ထွန်းကားလာပါတော့တယ်။ ဘရာဇီးလ်နိုင်ငံဟာ ကမ္ဘာမှာ ကော်ဖီထုတ်လုပ်မှုများတဲ့နိုင်ငံ၊ အထွက်နှုန်းကောင်းတဲ့နိုင်ငံ ဖြစ်လာပါတော့တယ်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် ဒတ်ချ်တို့က အာရှနိုင်ငံများ၊ အင်ဒိုနီးရှားနှင့် သီရိလင်္ကာနိုင်ငံများနဲ့ ပြင်သစ်တို့က ဗီယက်နမ်နိုင်ငံ၊ ဥရောပတိုက်သားတို့က မြန်မာနိုင်ငံ၊ တောင်ငူနှင့် ပြင်ဦးလွင်ကို ရောက်လာကြတယ်။

၁၈ ရာစုရဲ့ စက်မှုလုပ်ငန်းတွေ ထွန်းကာလာမှုနဲ့ အတူ ကော်ဖီစေ့၊ ကော်ဖီမှုန့်၊ ကော်ဖီရည်တို့ကို အမျိုးမျိုးပြုလုပ်နိုင်စွမ်းရှိလာကြပါပြီ။ ကော်ဖီကို သောက်စရာအဖြစ်မှ ဝိုင်၊ မုန့်မျိုးစုံအထိ ပြုလုပ်လာကြပြီ။ စနစ်တကျလှော်သင်းထားတဲ့ ကော်ဖီမှုန့်ကို ဖြည်းဖြည်းချင်း ရေတစ်စက်စီဖြတ်သန်းပြီးရတဲ့ Drip ကော်ဖီကို စက်နဲ့ဖျော်တဲ့နည်းတွေ ရှိလာပြီ။ ကော်ဖီအမျိုးအစားစုံ ရှိလာပြီ။ ကော်ဖီဖျော်နည်းများလည်း များစွာရှိလာပါတော့တယ်။ Espresso၊ Mocha၊ French၊ cappuccino ကော်ဖီဖျော်နည်းမျိုးစုံရှိပါတယ်။ Espresso မှာကို အမျိုးမျိုးထပ်မံခွဲခြားနိုင်ပါသေးတယ်။ ကော်ဖီမှာ အဓိကပါရှိတာက ကဖိန်းဓာတ်ဖြစ်တော့ တက်ကြွရွှင်လန်းမှုရစေတယ်လို့ ဆိုကြပါတယ်။ ကော်ဖီသောက်သုံးမှုကြောင့် ကောင်းကျိုး၊ ဆိုးကျိုးရှိကြတယ်လို့ သုံးသပ်ကြ၊ သုတေသနပြုကြပေမယ့် ပုံမှန်ချင့်ချိန် မနည်းမများသောက်သုံးကြသူတွေကတော့ နှစ်ခြိုက်စွဲလမ်းကြတယ်။ ကမ္ဘာ့လူဦးရေရဲ့ ရာခိုင်နှုန်း ၄၀ ခန့်ဟာ ကော်ဖီမှုန့်စစ်စစ်ကို ကြိုက်နှစ်သက်ပြီး သောက်သုံးနေကြပြီလို့ သုတေသနပြုကြပါတယ်။ ကော်ဖီစစ်တမ်းကောက်ယူရာတွင် Pure ကော်ဖီစစ်စစ်ကို စာရင်းပြုစုကြတယ်။ Coffee Mix ကော်ဖီမစ်မပါရှိ။

ကော်ဖီမှာ သိသာထင်ရှားတာက ခါးတဲ့အရသာ၊ ချိုတဲ့အရသာ၊ ချဉ်တဲ့အရသာကိုတွေ့ရပေမယ့် အရသာနဲ့ အနံ့ကိုဖန်တီးပေးတဲ့ (Aroma) နဲ့ ဓာတ်တွေ စုစုပေါင်း ၁၀၀၀ ကျော်လောက်အထိ ပါရှိတယ်လို့ ကော်ဖီကျွမ်းကျင်သူတွေက ဖော်ပြကြတယ်။ ကော်ဖီကို ကြိုက်နှစ်သက်လာရင် ကော်ဖီစေ့ရဲ့ပေးထားတဲ့ကော်ဖီမှုန့် တစ်ခုတည်းရဲ့ အရသာစစ်စစ်ကို လျှာပေါ်မှာ စူးစမ်းပြီး သောက်သုံးကြပါတယ်။ ကျေနပ်မှုအပြည့်ရရှိခံစားနိုင်ကြပါလိမ့်မယ်လို့ ဆိုထားပါတယ်။ ဒါပေမယ့် ခက်တယ်။ ကော်ဖီစေ့မှည့်ချိန် ခူးတာမှန်ကန်ဖို့ ကော်ဖီစေ့ကို နည်းစနစ်မှန်မှန်လှော်နိုင်ဖို့၊ အမှုန့်ကြိတ်ဖို့၊ ဖျော်နည်းမှန်ဖို့၊ ရေနွေးအပူချိန်မှန်ဖို့၊ ရောစပ်တဲ့ရေသန့်ပြီး ရေကောင်းဖို့၊ ကော်ဖီမှုန့်ထဲ ရေနွေးလောင်းထည့်ချလိုက်တဲ့နည်းစနစ်တွေကအစ ဖိအားအပူချိန်တွေ တိတိကျကျလိုက်နာမှ ကော်ဖီရဲ့ ချို၊ ချဉ်၊ ခါးအရသာသုံးမျိုး စလယ်ဆုံး မျှမျှတတရတဲ့ကော်ဖီတစ်ခွက်ရတာမို့ ကျွမ်းကျင်သူတွေရဲ့ ကော်ဖီဆိုင်တွေဟာ နာမည်ကြီးဖြစ်လာရပါတော့တယ်။

ကော်ဖီစေ့ကို ကျွမ်းကျွမ်းကျင်ကျင် ပြုပြင်လုပ်ကိုင်တတ်မှ ကော်ဖီမှုန့်က ကော်ဖီကောင်းတစ်ခွက်ရရှိပါတယ်။ ကော်ဖီကောင်းကောင်းတစ်ခွက်ရရှိဖို့ ဖြတ်သန်းသွားရတဲ့အဆင့်တွေသည် စိုက်ပျိုးမှုအပိုင်းနဲ့ ကော်ဖီသီးခူးခြွေပြီးနောက်ပိုင်း အစေ့လှမ်း အပူပေး လှော်သင်းမွှေး၊ အမှုန့်ကြိတ်၊ ဖျော်နည်းစနစ်တွေမှန်မှ ရပါမယ်။ စိုက်ပျိုးတဲ့အပိုင်းကလည်း အခြေခံကောင်းမှ ကော်ဖီမှုန့်ဖြစ်အောင်လုပ်တာလည်း စနစ်မှန်မှ နှစ်ပိုင်းစလုံး အရေးကြီးပါတယ်။

ကော်ဖီလိုချင်ရင် ကော်ဖီပင်စိုက်ပျိုးကြရတာမို့ ကော်ဖီစိုက်ပျိုးမှုမှာ ကော်ဖီစေ့ကောင်းကောင်း၊ အနံ့အရသာကောင်းရရှိနိုင်တဲ့ရေမြေရှိသောနိုင်ငံတွေသည် အခွင့်အရေးကောင်းတစ်ခုကို ရရှိနေကြပါပြီ။ ကော်ဖီစေ့အစိမ်းကောင်းကောင်းရဖို့သည် အခြေခံဖြစ်ပါတယ်။ ကော်ဖီစေ့အစိမ်းကောင်းကောင်းဟာ ကော်ဖီပင်ကောင်းကောင်းမှ ရရှိပါတယ်။ ကော်ဖီပင်ကောင်းကောင်းသည် ကမ္ဘာမှာ ဒေသအနှံ့ မရနိုင်ပါ။ အီကွေတာနှင့်အနီးအဝေး မိုးရေချိန်၊ မြေအမျိုးအစား ပင်လယ်ပြင်အမြင့်စသည်တို့နဲ့ ဆက်နွယ်နေပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ဈေးကွက်က လက်ခံနိုင်တဲ့ ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်တဲ့ ရေမြေများစွာရှိနေပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ အာရေဘီကား ကော်ဖီ၊ ဗီယက်နမ်နိုင်ငံဟာ ရိုဘတ်စတာနှင့် အာရေဘီကား ကော်ဖီမျိုးများ ကမ္ဘာသို့တင်ပို့ရောင်းချနေနိုင်ပြီ။ ကော်ဖီကြိုက်သူများဟာ အာရေဘီကားကော်ဖီကို အများစုကြိုက်ကြသကဲ့သို့ အခါးဓာတ်ပိုကဲသော ရိုဘတ်စတာကော်ဖီကိုလည်း ယခုအခါ လူကြိုက်များလာပြီ။ ဈေးကွက်ထဲမှာ ရှေ့တန်းရောက်လာပါပြီ။ ကော်ဖီစိုက်ပျိုးမှုနဲ့ ကူးသန်းရောင်းဝယ်ရေးမှာ (Arabica) အာရေဗီကာကော်ဖီ၊ (Robusta) ရိုဘတ်စတာကော်ဖီခေါ်သည့် (Canephora)၊ (Liberica) လိုက်ဘရီကာကော်ဖီနဲ့ (Excelsa)အိပ်ဆဲလ်ဆာကော်ဖီစသည့်လေးမျိုး ခွဲခြားထားပေမယ့် အာရေဘီကား (ကုန်းမြင့်ကော်ဖီ)နဲ့ ရိုဘတ်စတာ (မြေနိမ့်ကော်ဖီ)တို့သာ နာမည်ကြီးဈေးကွက်ရှိကြပါတယ်။

အာရေဘီကားကော်ဖီဟာ ကော်ဖီဈေးကွက်တွင် ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီ။ ကော်ဖီပင်စိုက်ပျိုးတဲ့ ရေမြေရာသီဥတုမတူ ကွဲပြားကြ၍ ရရှိတဲ့ကော်ဖီအရသာကလည်း တစ်မျိုးနှင့်တစ်မျိုးမတူကြ။ အာရေဘီကားမျိုးက အနံ့အရသာကောင်းပါတယ်။ ရိုဘတ်စတာမျိုးက အရသာ အခါးပို၍ လေးလေးပင်ပင်ရှိပါတယ်။ အာရေဘီကားနှင့် ရိုဘတ်စတာ နှစ်မျိုးရောပြီးလည်း သောက်သုံးကြပါတယ်။ ဒါကိုပင် သောက်သုံးသူ ကော်ဖီကြိုက်သူများက ရွေးချယ်ဝယ်ယူကြပါတယ်။ ဈေးကွက်လည်း ရှိနေပါတယ်။ မွှေးတဲ့ကော်ဖီ

စာ – ၁၈ သို့

# အိန္ဒိယပဲပုပ်ဆီကြိတ်ဖတ် အရေးကြီးကုန်စည်အဖြစ်သတ်မှတ်

အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ ဝန်ကြီးဌာနသည် ၁၉၅၅ ခုနှစ် အရေးကြီးကုန်စည်များအက်ဥပဒေကို ကျင့်သုံးလျက် ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို ထိန်းသိမ်းကြပ်မတ်နိုင်ရန် ပဲပုပ်ဆီကြိတ်ဖတ်အား ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်အထိ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လိုက်သည်။

အဆိုပါသတင်းထုတ်ပြန်ချက်၌ အိန္ဒိယပြည်တွင်း ဈေးကွက်၌ အဓိကတိရစ္ဆာန်မွေးမြူရေး အစားအစာဖြစ်သော ပဲပုပ်ဆီကြိတ်ဖတ်ဈေးနှုန်းများကို လျှော့ချနိုင်ရန် အရေးကြီး ကုန်စည်အဖြစ် သတ်မှတ်ရခြင်း ဖြစ်သည်။ ယခုဆုံးဖြတ်ချက်သည် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့များအား ပဲပုပ်ဆီကြိတ်ဖတ်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို ကြပ်မတ်ရန် အခွင့်အာဏာရရှိစေမည် ဖြစ်သည်။ ဈေးကွက်အတွင်း ကုန်စည်ရရှိနိုင်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုတို့ကို လွယ်ကူချောမွေ့စေမည်ဖြစ်သကဲ့သို့ သင့်တင့်မျှတမှုမရှိသော ဈေးကွက်အလေ့အထများကိုလည်း တားဆီးနိုင်မည် ဖြစ်သည်။

ထို့နောက် ပဲပုပ်ဆီကြိတ်ဖတ်များ လက်ဝယ်သိုလှောင်ထားရှိနိုင်ခွင့်ပမာဏကို ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ အိန္ဒိယနိုင်ငံ စားသုံးသူ ရေးရာဝန်ကြီးဌာနက ကန့်သတ်သည့် အမိန့်ကို ၂၃.၁၂.၂၀၂၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါအမိန့်အရ ကြိတ်ခွဲထုတ်လုပ်/ပြုပြင်သူများအနေဖြင့် ၎င်းတို့၏တစ်ရက်တာ ကြိတ်ခွဲထုတ်လုပ်နိုင်မှု စွမ်းအားအပေါ် အခြေပြု၍ အများဆုံးရက်ပေါင်း ၉၀ အတွက် သုံးစွဲရန် လိုအပ်သော ပဲပုပ်ဆီကြိတ်ဖတ်ပမာဏကိုသာ သိုလှောင်ထားရှိနိုင်မည်ဖြစ်သည်။ အစိုးရဌာနဆိုင်ရာ၌ ကုန်သွယ်မှုလုပ်ငန်း မှတ်ပုံတင်ထားရှိသည့် ကုမ္ပဏီများ၊ ကုန်သည်များအနေဖြင့် အများဆုံးတန်ချိန် ၁၆၀ အထိ သိုလှောင်နိုင်ကြောင်း သိရသည်။

လုပ်ငန်းရှင်များသည် ပဲပုပ်ဆီကြိတ်ဖတ်များအား မည်သည့်နေရာဒေသတွင် သိုလှောင်ထားရှိသည်ကို ထုတ်ဖော်ကြေညာရမည်ဖြစ်ပြီး အကယ်၍ လက်ဝယ်၌ရှိသော ပဲပုပ်ဆီကြိတ်ဖတ်ပမာဏသည် သတ်မှတ်ပြဋ္ဌာန်းချက်ထက် ပိုမိုနေပါက စားနပ်ရိက္ခာနှင့် ပြည်သူ့ ဖြန့်ဖြူးမှုရေးရာဦးစီးဌာနသိရှိရန် အင်တာနက်စကြိုန်၌ ကြေညာကာ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ပမာဏသို့ လျှော့ချ သိုလှောင်ရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အင်တာနက်စကြိုန်၌ တင်ပြထားသည့် ပဲပုပ်ဆီကြိတ်ဖတ်သိုလှောင်မှု အချက်အလက်များကို အိန္ဒိယတိရစ္ဆာန်မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းဦးစီးဌာနက ပုံမှန်ကြပ်မတ် စစ်ဆေးလျက် လိုအပ်သလို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မျိုးရိုးဗီဇပြုပြင်ထားခြင်း မရှိသော အိန္ဒိယပဲပုပ်ဆီ ကြိတ်ဖတ်များကို ပြည်ပမှ ဝယ်လိုအားများပြားမှုနှင့်အတူ ပဲပုပ်စေ့ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ပြည်တွင်း၌ ပဲပုပ်ဆီကြိတ်ဖတ်ဈေးနှုန်းများကိုလည်း ၂၀၂၁ ခုနှစ် ဧပြီ မှ ဩဂုတ်အတွင်း ၆၀ ရာခိုင်နှုန်းကျော်အထိ တစ်ဟုန်ထိုး မြင့်တက်လာစေခဲ့သည်ဆို၏။

အိန္ဒိယပဲပုပ်ဆီကြိတ်ခွဲထုတ်လုပ်မှုနယ်ပယ်မှ အချက်အလက်များအရ ၂၀၂၀-၂၁ ခုနှစ်၌ ပြည်ပသို့ မျိုးရိုးဗီဇပြုပြင်ထားခြင်းမရှိသော ပဲပုပ်ဆီကြိတ်ဖတ် တန်ချိန် ၁ ဒသမ ၅၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**နေအေးလွင်**



# ထိုင်းကြက်ဥဈေးမြင့်တက် ရောင်းသူများကိုသတိပေး

ကြက်ဥဈေးတက်ရောင်းသူများကို ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဂျူရင်က သတိပေးထားသည်။

၈.၁.၂၀၂၂ ရက်တွင် အလုံး ၃၀ ပါကြက်ဥတစ်ကဒ်လျှင် ယခင်ထက် ငါးဘတ်မှ ခြောက်ဘတ်အထိ ဈေးတက်သွားရာ ကြက်မွေးမြူရေးအသင်းက ကြက်စာနှင့်တိရစ္ဆာန်ဆေးဝါးများ ကုန်ကျစရိတ် ကြီးမြင့်လာ၍ဖြစ်ကြောင်း ပြောကြားသည်။

ဝန်ကြီး မစ္စတာဂျူရင်က ၎င်းတို့၏ ထုတ်လုပ်မှုစရိတ်များကို အာဏာပိုင်များထံသို့ အကြောင်းကြားရန်နှင့် ဈေးနှုန်းမတက်မီ အတည်ပြုချက်ရယူရန် လိုကြောင်း ပြောကြားသည်ဆို၏။

ကြက်မွေးမြူရေး အသင်းဥက္ကဋ္ဌက ကြက်ဥဈေးနှုန်း တစ်လုံးလျှင် ၂ ဒသမ ၈ ဘတ်မှ သုံးဘတ်အထိ မြင့်တက်လာခြင်းမှာ စရိတ်စကမြင့်တက်မှုကို မခံနိုင်၍ဟု ဆိုသည်။

ထိုင်းနိုင်ငံတွင် လက်ရှိဥစားကြက်မ သန်း ၅၀ မှ တစ်ရက်လျှင် ကြက်ဥသန်း ၄၀ ခန့်တွင် ထွက်နေကြောင်းသိရသည်။ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြက်ဥရောင်းဈေး တစ်လုံးလျှင် အမြင့်ဆုံး သုံးဘတ်နှုန်းဖြင့် ခြောက်လကြာ ရောင်းချရန် သဘောတူထားကြောင်း ပြောကြားသည်။ **လွင်မျိုးဇော်**

# GI သဘောတူညီမှု

## တရုတ်ကော်ဖီစိုက်တောင်သူများ အခွင့်အလမ်းရရှိ

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကော်ဖီသောက်သုံးမှုအရှိန်အဟုန်ဖြင့်တိုးတက်နေပြီး ကော်ဖီထုတ်လုပ်သူအဖြစ် အခန်းကဏ္ဍကို ချဲ့ထွင်ရန်ကြိုးပမ်းနေသည်။

ယခုနှစ်အတွင်း တရုတ်နှင့်ဥရောပသမဂ္ဂတို့အကြား သဘောတူညီမှုရရှိပြီးနောက် ယူနန်ပြည်နယ်သည် ၎င်း၏အကျော်ကြားဆုံးကော်ဖီစေ့များအတွက် အခွင့်အလမ်းများ ပိုမိုရရှိလာသည်ဆို၏။

ကော်ဖီစေ့အရည်အသွေး ပေါ်မူတည်ကာ ဈေးနှုန်းကွဲပြားမှုရှိရာ ကော်ဖီ (ချယ်ရီ)သီးများ အရင်ဆုံး အခွံခွာပြီး ဈေးကွက်မဝင်ခင် အခြောက်ခံကာ ယင်းကော်ဖီစေ့များကို အနည်းဆုံး တစ်ကီလိုလျှင် ၂၂ ယွမ်ဖြင့် ရောင်းချကြသည်။ ကြီးမားသော Gaoligong တောင်ခြေရင်း ပေါင်စန်းမြို့ (Baoshan) သည် အရည်အသွေးမြင့် အာရေဘီကာကော်ဖီ စိုက်ပျိုးရန် ဂျမေကာရှိ Blue Mountains နှင့် ဆင်တူသော မြေပြင်အနေအထားနှင့် ရာသီဥတု မျိုးရှိ၍ ကော်ဖီအထွက် စံပြနေရာဖြစ်နေသည်ဆို၏။

လွန်ခဲ့သောနှစ်နှစ်က ကော်ဖီစေ့တန်ချိန်ပေါင်း ၄၄၀၀၀ တင်ပို့ရောင်းချခဲ့ပြီး ယခုနှစ် မတ်လတွင် တရုတ်နှင့်ဥရောပသမဂ္ဂတို့သည် ဒေသဆိုင်ရာ အညွှန်းကိန်းများနှင့်ပတ်သက်သည့် သဘောတူညီချက်တစ်ရပ်ရရှိပြီးနောက် ပေါင်စန်းမြို့ ကော်ဖီလုပ်ငန်းမှာ ပိုမိုကောင်းမွန်လာသည်။ **ဒေါက်တာဝေရီလင်း**

# ထိုင်းဝက်သားဈေးမြင့်တက်ချိန် ကြက်သားဈေးတန့်ထား

ထိုင်းနိုင်ငံ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် ကြက်မွေးမြူရေးလုပ်ငန်းမှ ကုန်သည်များသည် ဝက်သားဈေးနှုန်းမြင့်တက်သည့်ပြဿနာကို ဖြေရှင်းရန် ခြေလှမ်းစတင်လုပ်ဆောင်နေချိန်တွင် ကြက်သားဈေးနှုန်း ခြောက်လခန့် တန့်ထားပေးရန် သဘောတူညီခဲ့ကြသည်ဆို၏။

မွေးမြူရေးကြက်အရှင်များ၏ ခြံထွက်ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၃၃ ဒသမ ၅၀ ဘတ်၊ လတ်လတ်ဆတ်ဆတ် ကြက်သား (အရိုး၊ အသည်းပါ/မပါ) တစ်ကီလိုဂရမ် ၆၀ မှ ၆၅ ဘတ်၊ ပေါင်နှင့် ဒူးဆစ်ပိုင်း တစ်ကီလိုဂရမ် ၆၀-၆၅ ဘတ်၊ ရင်ပုံသား တစ်ကီလို ဂရမ် ၆၅-၇၀ ဘတ်ဟူ၍ သတ်မှတ်ကာ ဇွန်လကုန်အထိ သက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

ကြက်မွေးမြူသူများကိုလည်း ၄၅ ရက်အတွင်း ထုတ်လုပ်မှုမြှင့်တင်ရန် တောင်းဆိုမည်ဖြစ်ကြောင်း သိရသည်။

ဝက်သားဈေးနှုန်း မြင့်တက်ရခြင်းမှာ အသေးစား ဝက်မွေးမြူသူများသည် ၎င်းတို့၏ လုပ်ငန်းများ ပိတ်လိုက်ခြင်းက အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် တိရစ္ဆာန်အစာဈေးနှုန်းများလည်း ၇ ရာခိုင်နှုန်းခန့် မြင့်တက်သွားခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ယင်းတို့ကြောင့် ဈေးကွက်သို့ ဝက်သားဖြည့်ဆည်းပေးနိုင်မှု မှာ ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းစေခဲ့ကြောင်း သိရသည်။

ဈေးနှုန်းများ ပြန်လည်ကျဆင်းစေရန် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက သီးခြားအရောင်းဆိုင်များတွင် ဝက်သားတစ်ကီလိုဂရမ် ၁၅၀ ဘတ်ဈေးဖြင့် ဇန်နဝါရီလကုန်အထိ ရောင်းချမည့် စီမံကိန်းတစ်ခုကို စတင်ခဲ့ကြောင်း သိရသည်။

အစိုးရ၏ဗဟိုရန်ပုံငွေမှ အဆိုပါစီမံကိန်းအတွက် ရန်ပုံငွေခွဲဝေပေးရန် အစိုးရအဖွဲ့အား တောင်းဆိုသွားမည်ဖြစ်ကြောင်းနှင့် ဈေးနည်းနည်းဖြင့် ဝက်သားရောင်းချသည့် ဆိုင်အရေအတွက်မှာ ၆၆၂ ဆိုင်မှ ၁၅၀၀ အထိ တိုးတက်လာလိမ့်မည်ဖြစ်ကြောင်း မှန်းဆထားသည်။ **လွင်မျိုးဇော်**

# တရုတ်–လာအိုရထားလမ်း စီးပွားရေးအကျိုးကျေးဇူးများစွာ ဖြစ်ပေါ်

တရုတ်–လာအို ရထားလမ်း စတင်ပြေးဆွဲသည့် ပထမလအတွင်းမှာပင် ခရီးသည်နှင့် ကုန်စည် သယ်ယူပို့ဆောင်ရေးတွင် အကျိုးကျေးဇူးများ ဖြစ်ထွန်းကြောင်း သိရသည်။ ၁,၀၃၅ ကီလိုမီတာ ရှည်လျားပြီး၊ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တော်နှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် ကူမင်းမြို့ကို ဆက်သွယ်ထားသည့် ၎င်းမီးရထားလမ်းကို အသုံးပြု၍ ပထမတစ်လအတွင်းမှာပင် ခရီးသည် ၆၇၀၀၀၀ ဦးနှင့် ကုန်သေတ္တာတန်ချိန် ၁၇၀၀၀၀၀ ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

၎င်းရထားလမ်းပိုင်းတွင် တရုတ်ရထားတွဲအစုံ အရေအတွက် ၃၁ တွဲဖြင့် ချိတ်ဆက်ထားပြီး၊ နေ့စဉ်အသုံးပြုသူ ၁၉၀၀၀ ခန့်ရှိခဲ့ရာမှ ၃၃၀၀၀ ခန့်အထိ မြင့်တက်လာခဲ့သည် ဆို၏။ တရုတ်နိုင်ငံဘက်၌ ၎င်းရထားလမ်းပိုင်းကို တစ်လအတွင်း အသုံးပြုသူဦးရေ ၆၂၀၀၀၀ ရှိခဲ့ပြီး လာအိုဘက်တွင်လည်း ရုံးပိတ်ရက်များနှင့် အားလပ်ရက်များတွင် ၎င်းမီးရထားကို အသုံးပြုသူ များပြားပြီး၊ တစ်လအတွင်း အသုံးပြုသူ ငါးသောင်း ရှိခဲ့သည်။

၎င်းမီးရထားလမ်းကြောင့် တရုတ်နှင့် လာအို ပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီး၊ ကုန်းတွင်းပိတ်နိုင်ငံဖြစ်နေသည့် လာအိုနိုင်ငံကို ကုန်းတွင်းမှချိတ်ဆက်ပေးထားသည့် အချက်အချာနိုင်ငံအဖြစ်သို့ အသွင်ပြောင်းလဲသွားစေကာ ပြည်တွင်းခရီးသွားကဏ္ဍကို မြင့်တက်စေ၍ နှစ်နိုင်ငံအကြား အကျိုးကျေးဇူးများစွာ ဖြစ်ပေါ်ခဲ့သည်။

ရထားလမ်းကြောင့် ရေရှည်တွင် လာအိုနိုင်ငံ၏ စုစုပေါင်းဝင်ငွေ ၂၁ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ကုန်းတွင်းမှ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ ကုန်ထုတ်လုပ်မှုကွင်းဆက်များနှင့် ချိတ်ဆက်ထားသဖြင့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကာ အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ပိုမိုအရှိန်ရလာနိုင်ခြင်းကဲ့သို့ အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

ရထားလမ်းကြောင့် ယူနန်ပြည်နယ်ရှိ Pu'er နှင့် Xishuangbanna သို့ ခရီးသွားလာမှုမှာ တစ်လအတွင်း ၈၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၅၉ ဒသမ ၉ ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့သည်။

၎င်းရထားလမ်းမှ ကုန်တင်ပို့လျှင် ကူမင်းနှင့်ဗီယန်ကျင်းအကြား နာရီ၃၀ သာကြာတော့သည်။

ပြီးခဲ့သည့် တစ်လအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်တင်ရထား ၇၀ အပါအဝင် ကုန်သေတ္တာတင်ရထားပေါင်း ၃၈၀ စင်း ပြေးဆွဲခဲ့ပြီး ကုန်တန်ချိန် ငါးသောင်းသယ်ယူ ပို့ဆောင်ပေးခဲ့ရာ ရော်ဘာ၊ ဓာတ်မြေသြဇာ၊ လူသုံးကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ photovoltaic ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ မိုဘိုင်းလ်ဖုန်းများ၊ အထည်အလိပ်များ၊ ဟင်းသီးဟင်းရွက်များနှင့် ပန်းများပါဝင်ကြောင်း သိရသည်။

အနာဂတ်တွင် တရုတ်–လာအိုရထားလမ်းသည် အရှေ့တောင်အာရှနှင့် ဥရောပအကြား ကုန်စည်သယ်ယူပို့ဆောင်ရေး အဓိကလမ်းကြောင်း ဖြစ်လာနိုင်ဖွယ်ရှိနေသည် ဆို၏။

**ဒေါက်တာရွှေစင်ကို**

## တရုတ်စမ်းသပ်ဇုန်များတွင် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှု၊
# ရင်းနှီးမြှုပ်နှံမှုများ တံခါးပိုမိုဖွင့်ပေးထား

တရုတ်နိုင်ငံသည် ၎င်း၏စမ်းသပ်ဇုန်အချို့တွင် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အဆင့်မြင့်သည့် တံခါးဖွင့်ဆောင်ရွက်ပေးမှုများကို ချမှတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဆုံးရှုံးနိုင်ခြေကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် အမှားအယွင်းဖြစ်တတ်သည့်ကိစ္စများအတွက် ဆောင်ရွက်ထားကြောင်းသိရသည်။ ရှန်ဟိုင်း၊ ကွမ်တုန်း၊ ဟိုင်နန် နှင့် ကျဲ့ကုန်းပြည်နယ်များရှိ သတ်မှတ်စမ်းသပ်ဇုန်များအတွင်းရှိ ကုမ္ပဏီများအတွက် နိုင်ငံဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေကြေးလမ်းကြောင်းများကို တရုတ်နိုင်ငံက တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အငယ်စား၊ အသေးစားနှင့် အလတ်စားနည်းပညာအဆင့်မြင့် ကုမ္ပဏီများကို ပြည်ပမှငွေချေးနိုင်ရန် ကိုတာခွဲဝေပေးမည်ဖြစ်ပြီး၊ နိုင်ငံဖြတ်ကျော် ပိုင်ဆိုင်မှုလွှဲပြောင်းပေးသည့် စီးပွားရေးလုပ်ငန်းများနှင့် တရုတ်နိုင်ငံက တည်ငြိမ်စွာနှင့် ချင့်ချိန်စမ်းသပ် ဆောင်ရွက်သွားမည်ဖြစ်သည်ဆို၏။ ဆုံးရှုံးနိုင်ခြေကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းအားဖြင့် နိုင်ငံဖြတ်ကျော် မ,တည်ငွေရင်း စီးဆင်းမှုဆုံးရှုံးရနိုင်ခြေများကို စောစီးစွာသတိပေးခြင်းနှင့် ထိန်းကျောင်းခြင်းကို အားကောင်းခိုင်မာစေရန် တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့ပြင် နိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်တည်ငြိမ်မှုနှင့် ဥပဒေစိုးမိုးမှုရှိစေရန် တရားမဝင်သည့် ဆောင်ရွက်မှုများကို နှိမ်နင်းခြင်းနှင့် ဖြစ်ပေါ်လာသည့်ကိစ္စများအပေါ် ပြင်ဆင်ချိန်ညှိမှုများ ပြုလုပ်ခြင်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။

**ဒေါက်တာရွှေစင်ကို**



# ထိုင်းပြည်ပတင်ပို့မှု မြင့်တက်

ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာမှု၊ ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုနှုန်းမြင့်တက်လာမှုနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံများအကြား စီးပွားရေးလှုံ့ဆော်မှုအစီအမံများကြောင့် ယခုနှစ်အတွက် ပို့ကုန်တင်ပို့နိုင်မှုများနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ကျေနပ်အားရလျက်ရှိကြောင်း ယခုနှစ်အတွက် ပြည်ပသို့ သဘော်ာတင်ပို့မှုအနေဖြင့် ၁၆ ရာခိုင်နှုန်းတိုးတက်ကာ အမေရိကန်ဒေါ်လာ ၂၆၈ ဘီလီယံ (ဘတ်ငွေ ၈ ဒသမ ၅ ထရီလီယံခန့်) ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်က ၂၀၂၂ ခုနှစ်အတွက် ပြည်ပတင်ပို့မှုတိုးတက်မှုနှုန်း ၃ ဒသမ ၅ မှ ၄ ဒသမ ၅ ရရှိနိုင်မည်ဖြစ်ကာ အမေရိကန်ဒေါ်လာ ၂၇၈ မှ ၂၈၀ ဘီလီယံခန့် ရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

ဆက်လက်၍ ဝန်ကြီးက ၂၀၂၂ ခုနှစ်အတွက် အထောက်အကူဖြစ်စေမည့်အချက်အလက်များတွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှု၊ ကုန်သွယ်ဖက်နိုင်ငံများအကြား သွင်းကုန်တင်သွင်းမှု၊ ဒူဘိုင်းရေနံစိမ်းဈေးနှုန်း မြင့်တက်မှု၊ ဘတ်ငွေတန်ဖိုးကျဆင်းမှု၊ ထုတ်လုပ်မှုကုန်ကြမ်းတန်ဖိုးများ မြင့်တက်လာမှုစသည်တို့ ပါဝင်ကြောင်း ပြောကြားသည်။

အခြားသော အပြုသဘောဆောင်သည့်အချက်အလက်များမှာ ၂၀၂၂ ခုနှစ် နှစ်လယ်တွင် ကွန်တိန်နာများနှင့် သဘော်ာများ တိုးတက်လာဖွယ်ရှိပြီး ကိုဗစ် – ၁၉ ကပ်ရောဂါကို ထိရောက်စွာ ထိန်းချုပ်နိုင်မှုနှင့် နောက်နှစ်အစတွင် အသက်ဝင်လာရန် စီစဉ်ထားသည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP)တို့ ပါဝင်သည်ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

နိုဝင်ဘာတွင် အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆ ဘီလီယံ (ဘတ်ငွေ ၇၈၃ ဘီလီယံ) ရှိကြောင်း၊ ပြည်ပပို့ကုန်တင်ပို့မှု တိုးတက်နှုန်းမှာ ၂၄ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်းနှင့် သွင်းကုန်တင်သွင်းမှုမှာလည်း ၂၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၆ ဘီလီယံ ရှိကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၂ ဘီလီယံရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ပထမ ၁၁ လ အတွင်း ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုမှာ ၁၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၂၄၆ ဘီလီယံရရှိခဲ့သည်။ သွင်းကုန်တင်သွင်းမှုမှာ ၂၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄၂ ဘီလီယံရှိခဲ့ရာ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၂ ဘီလီယံရှိကြောင်း သိရသည်။

**လွင်မျိုးဇော်**

စာ – ၅ ကတ္တီပါစိန်ခြယ်ပန်းမှ

များကြောင့် လူအများ စိတ်အပန်းပြေစေမှုကို ပေးနိုင်စွမ်းရှိ၏။ ကတ္တီပါစိန်ခြယ်ပန်းလေးများသည် စက်တင်ဘာမှ ဒီဇင်ဘာလအတွင်းတွင် ပန်းပွင့်လေ့ရှိ၏။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ် အစရှိသည့် တောင်တန်းဒေသများတွင် ကြည်လင်ပြာလဲ့သည့် အဆုံးမဲ့ မိုးကောင်းကင်ကြီး၏အောက် လှပသည့်တောင်တန်းများကို နောက်ခံထားပြီး အရောင်အသွေးစုံလင်စွာ လှပဝေဆာနေသည့် ပန်းခင်းကြီးကို ရင်သပ်ရှုမောမဆုံး ကြည်နူးပီတိဖြစ်ရ၏။ မြေပြန့်ဒေသတွင် ဝေဝေဆာဆာ ဖြစ်ထွန်းခြင်းမရှိသော်လည်း သင့်ဥယျာဉ်ခြံထဲတွင် ရောင်စုံအလှ စိုက်ခြင်းဖြင့်လည်းကောင်း၊ တိုက်ခန်းနေသူများနှင့် အဆောင်နေထိုင်သူများပါ အိုးထဲတွင် စိုက်ခြင်းဖြင့်လည်းကောင်း မျက်စိပသာဒဖြစ်စေသည့်အပြင် တစ်ပိုင်တစ်နိုင် ပရဆေးဥယျာဉ်လေးအဖြစ်လည်း ဖန်တီးစိုက်ပျိုးနိုင်၏။

### သတိပြုရမည့်အချက်

ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် ကတ္တီပါစိန်ခြယ်ပန်းပင် ဆေးဖက်ဝင်အသုံးကို လုံလောက်သည့် သုတေသနပြုထားခြင်းမရှိသေးပေ။ ကတ္တီပါစိန်ခြယ်ပန်းပင်ဖြင့် အခြေခံထုတ်လုပ်ထားသည့် ပရဆေးများကို အသုံးပြုမည်ဆိုပါက တန်ဆေးလွန်ဘေး၊ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသည့်စကားအရ သင့်တင့်လျောက်ပတ်သည့် ပမာဏအတိုင်း ချင့်ချိန်သုံးစွဲနိုင်သကဲ့သို့ တတ်ကျွမ်းနားလည်သည့် ပညာရှင်များ၏ ညွှန်ကြားချက်အတိုင်း အသုံးပြုသင့်၏။

**ကြေးမုံငယ်**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းရွာမှ ထွက်ရှိသော စပျစ်ဈေးနှုန်းများ ပြည်တွင်းဈေးကွက်တွင် ထက်ဝက်ကျော် မြင့်တက်လျက်ရှိရာ စပျစ်စိုက်ပျိုးမှုကို ယခင်နှစ်များထက် ပိုမိုတိုးမြှင့် လုပ်ကိုင်လာကြကြောင်း စပျစ်စိုက်ပျိုး ထုတ်လုပ်သူများထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပိတ်ထားပြီး ပြည်ပမှ အသီးအနှံများ ဝင်ရောက်မှုနည်းပါးသောကြောင့် ပြည်တွင်းစပျစ်ဈေးနှုန်း မြင့်တက်နေခြင်း ဖြစ်သည်။



# မြန်မာ့စပျစ် ဈေးနှုန်းထက်ဝက်ကျော် မြင့်တက်

စပျစ်ကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းရွာတွင် အများဆုံး



စိုက်ပျိုးကြပြီး တစ်ခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အနည်းငယ် စိုက်ပျိုးကြကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်တဲ့နှစ်ကတော့ အရောင်းသိပ်မရှိဘူး။ ဒီနှစ်မှာတော့ စပျစ်ရောင်းအားကောင်းလာသလို ဈေးကလည်း ကောင်းလာတယ်။ အဓိက ပြည်တွင်းသီးနှံတွေ ဈေးကောင်းရတယ်ဆိုတာ ပြည်ပက အသီးအနှံတွေ ဝင်ရောက်မှုနည်းသွားလို့ပါ။ အခုအချိန်မှာ ဈေးကောင်းရတာ တောင်သူတွေအတွက် အဆင်ပြေတယ်။ ဘာကြောင့်လဲဆိုတော့ သွင်းအားစုဈေးနှုန်းတွေက ဈေးတက်တော့ တောင်သူတွေအတွက် စိုက်ပျိုးမှုမှာ ထိခိုက်မှု များတယ်။ စပျစ်ဈေးကောင်းနေလို့သာ ခံသာနေတာ" ဟု ရမည်းသင်းမြို့နယ်မှ စပျစ်စိုက်ပျိုးရောင်းချသူ ဦးသန့်ဇော်အောင်က ပြောသည်။

ပြည်တွင်း၌ စပျစ်အမျိုးအစားများစွာ စိုက်ပျိုးကြသော်လည်း ချွန်း၊ BQ၊ ရမက်-၃ စသောစပျစ်မျိုးများမှာ လူကြိုက်အများဆုံး ဖြစ်သည်။

စပျစ်သီး ခြံထုတ်ဈေးများမှာ ယခင်က စပျစ်အညို တစ်ပိဿာလျှင် ၁၀၀၀ကျပ်သာရရှိခဲ့ရာမှ ယခုနှစ်တွင် ၂၀၀၀ ကျပ်မှ ၂၂၀၀ ကျပ်အထိမြင့်တက်ခဲ့သည်။

လက်ရှိ BQ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်မှ ၂၇၀၀ ကျပ်၊ ချွန်းတစ်ပိဿာလျှင် ၃၅၀၀ ကျပ်အထိ ဈေးရှိကြောင်း သိရသည်။

"အရင်ကတော့ မြန်မာစပျစ်မျိုး အညိုတစ်မျိုးပဲ စိုက်ကြတယ်။ နောက်ပိုင်းမှာ စပျစ်မျိုးတွေ အများကြီးပေါ်လာတော့ အသီးလှပြီး အထွက်ကောင်းတဲ့ ပြည်ပမျိုးတွေပါ ပြောင်းလဲစိုက်ပျိုးလာကြတယ်။ တစ်ချို့ ဝိုင်စက်ရုံတွေကနေ မျိုးပေးစိုက်တဲ့ ဝိုင်စပျစ်စိုက်ကြတာလည်း ရှိတယ်။ ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ စပျစ်သီးက ပြည်ပကဝင်လာတဲ့ စပျစ်သီးတွေနဲ့ ဈေးကွက်မှာ ယှဉ်ရောင်းတဲ့အခါ ဈေးအရနည်းပေမယ့် ကျွန်တော်တို့ မြန်မာ့စပျစ်သီးက သဘာဝဆန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓာတုဆေးဝါးသုံးစွဲမှုက နည်းတယ်။ ပြည်ပကဝင်လာတဲ့အသီးတွေက ဓာတုဆေးဝါးကို အဓိကထားပြီး စိုက်ပျိုးထားတာ ဖြစ်လို့ပါ"ဟု ယင်းက ရှင်းပြသည်။

စပျစ်သည် နှစ်ရှည်ပင် အမျိုးအစားဖြစ်ပြီး လေးလလျှင် တစ်ခါသီးသောကြောင့် တစ်နှစ်လျှင် သုံးသီးရရှိကာ ၂၅ နှစ်မှ နှစ် ၃၀ ခန့်အထိ အသီးခူးယူနိုင်သည်။ တစ်ဧကလျှင် အပင် ၈၀၀ ခန့်စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးစရိတ်အနေနှင့် တစ်ဧကလျှင် သိန်း ၅၀ခန့် ကုန်ကျကြောင်း သိရသည်။

**ဇော်လင်းထွဋ်**



ရှေ့ဖုံး – ဆီ မှ

ပြည်တွင်းဆီ စားသုံးမှုမြင့်နေပြီး ပြည်တွင်းဆီ ထုတ်လုပ်မှုနှင့် မလုံလောက်သော ကြောင့် ပြည်ပမှ နှစ်စဉ်ဆီတန်ချိန် ရှစ်သိန်းခန့် တင်သွင်းနေရသည်။ ပြည်တွင်းမှ ဆီတန်ချိန် သုံးသိန်းကျော်သာ ထွက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းဆီ ထုတ်လုပ်မှု မြင့်တက်လာရေး အတွက် ဆီထွက်သီးနှံ တိုးချဲ့ စိုက်ပျိုးထုတ်လုပ်ရေး မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များ အသင်းအနေနှင့်လည်း သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ဆီထွက်သီးနှံ မျိုးကောင်း မျိုးသန့် ရရှိရေးနှင့် နည်းပညာ ဖြန့်ဝေပေး ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်းစားသုံး ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်း ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် အထောက်အကူဖြစ်စေမည့် Moisture meter ကဲ့သို့ rapid test kit များကိုလည်း ထောက်ပံ့ပေးသွားမည် ဖြစ်သည်။



မြန်မာနိုင်ငံတွင် မြေပဲ စိုက်ဧက ၂ ဒသမ ၇၄ သန်း၊ နှမ်း ၃ ဒသမ ၇၆ သန်း၊ နေကြာ ၀ ဒသမ ၆၂ သန်း၊ အခြား ၀ ဒသမ ၄၀ သန်းရှိကာ အထွက်တန်ချိန် ၂ ဒသမ ၆၈ သန်းရှိပြီး ဆီရရှိနိုင်မှု တန်ချိန် ၁ သန်း ရှိသော်လည်း အမှန်တကယ် ထုတ်လုပ်နိုင်မှုမှာ တန်ချိန် သုံးသိန်းမှ လေးသိန်းခန့်သာ ရှိသည်။

ပြည်တွင်းဆီလိုအပ်ချက်မှာ တစ်နှစ်လျှင် တန်ချိန် ၁၁ သိန်းခန့်ရှိသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာမှစတင်၍ ပြည်ပမှ ဆီတင်သွင်းမှုကို တစ်လလျှင် တန်ချိန် ၅၀၀၀၀ သာ တင်သွင်းခွင့်ပြုခဲ့ခြင်းကြောင့် တစ်နှစ်လျှင် ပြည်ပမှ ဆီတန်ချိန် ခြောက်သိန်းခန့်သာ တင်သွင်းနိုင်တော့မည် ဖြစ်သည်။

ထိုသို့ ဆီတင်သွင်းခွင့် ကန့်သတ်လိုက်ခြင်းကြောင့် ပြည်တွင်းဆီလိုအပ်ချက်တွင် တန်ချိန်နှစ်သိန်းခန့် ထပ်မံလိုအပ်လာမည်ဖြစ်သည်။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆီထွက်သီးနှံများ အထွက်နှုန်းကောင်းစေရန်နှင့် ပြည်တွင်း ဆီထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။



ရှေ့ဖုံး–မြန်မာ့ရှားပါးသစ်ခွ မှ

တစ်ဆင့်ပြီးတစ်ဆင့် တစ်နေရာပြီး တစ်နေရာ တက်ရောက်လာနေရသောကြောင့် တောင်လေ့ကားမြို့တော် (သို့မဟုတ်) မေမြို့ (သို့မဟုတ်) ပြင်ဦးလွင်မြို့ဟု ခေါ်တွင်ခြင်းဖြစ်သည်။

တောင်လေ့ကားမြို့တော် (ခေါ်) ပြင်ဦးလွင်မြို့၏ မန္တလေး၊ လားရှိုးကားလမ်းမကြီးဘေးမှာ မြန်မာနိုင်ငံ နေရာဒေသအသီးသီးရှိ တောတောင်များအတွင်းတွင် သဘာဝအလျောက် ပေါက်ရောက်ရှင်သန်လျက်ရှိနေသော သစ်ခွအမျိုးအစားပေါင်းများစွာထဲမှ မြန်မာ့ ရှားပါးသစ်ခွမျိုးစိတ်များကို သစ်တောဦးစီးဌာနပိုင် ဒိုးကွင်းသစ်ခွခြံတွင် လှပဝေဆာစွာ တစ်နေရာတည်းတွင် တွေ့မြင်နိုင်ပါသည်။



မြန်မာနိုင်ငံသည်သစ်တော သယံဇာတ များစွာကြွယ်ဝသည့် အလျောက် သစ်ပင်မျိုးစုံတို့၏ အပင်မျိုးကွဲများကလည်း စုံလင်လျက်ရှိနေပေရာ သစ်ခွမျိုးရင်း (Orchidaceae)သည် ပန်းပွင့်သော အပင်အုပ်စုများထဲတွင် အကြီးမားဆုံးနှင့် အကျယ်ပြန့်ဆုံး အုပ်စုဝင်တစ်ခု အဖြစ် ပါဝင်လျက်ရှိနေသည်။

မြန်မာတို့၏ အပင်မျိုးစိတ်များ စာရင်းအရ မြန်မာနိုင်ငံအတွင်းတွင် သစ်ခွမျိုးစိတ်ပေါင်း ၁၀၄၀ မျိုးကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်သည်။

သစ်ခွပင်များကို အစားအစာများအဖြစ်လည်းကောင်း၊ ဆေးဖက်ဝင်အပင်များအဖြစ်လည်းကောင်း၊ ပန်းအလှဥယျာဉ်များအဖြစ်လည်းကောင်း၊ အိမ်များ၏အလှဆင်ရာ လူတို့၏ အလှဆင်ရာများအဖြစ်လည်းကောင်း၊ ပန်းခြင်းများ၊ ပန်းအိုးများဖြင့်လည်းကောင်း ထည့်သွင်းစိုက်ပျိုးကာ အသုံးပြုနေကြပါသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနပိုင် မြန်မာ့ရှားပါးသစ်ခွမျိုးစိတ်များ၊ မျိုးရိုးဗီဇထိန်းသိမ်းခြင်း (ဒိုးကွင်းသစ်ခွခြံ)ကို ၂၀၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဒေသမျိုးရင်းဝင် သစ်ခွမျိုးစိတ် ၆၀ မျိုးတို့၏ အပင်အရေအတွက်ပေါင်း ၄၀၀၀ ကျော်ခန့်ကို ပြုစုထိန်းသိမ်း ပြသထားရှိသည်။

ပြင်ဦးလွင်မြို့နယ် ဒိုးကွင်းသစ်ခွခြံတွင် ပျိုးထောင်ထားရှိသော သစ်ခွများမှာ မြန်မာနိုင်ငံ၏ ဒေသမျိုးရင်းဝင် ရှားပါးသစ်ခွမျိုးစိတ်များ CITES Appendies (1) စာရင်းဝင် သစ်ခွမျိုးစိတ်များ၊ မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်သော သစ်ခွမျိုးစိတ်များ၏ မျိုးရိုးဗီဇလက္ခဏာများ ထိန်းသိမ်းရန်နှင့် မှတ်တမ်းတင်ထားရှိရန်၊ သစ်ခွပင်များအား ပြုစုစောင့်ရှောက်သည့်နည်းလမ်းများ စနစ်တကျရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြုစုထိန်းသိမ်းစောင့်ရှောက်ပေးလျက် ရှိနေသည်။

သစ်ခွပင်များကို စိုက်ပျိုးရန်အတွက် အုန်းဆံဖတ်များနှင့် သစ်ခွပင်၏ အောက်ပိုင်းရှိ အမြစ်များ ကျန်းမာစေရန် အမြစ်အားတိုးဆေး (Ferti-start) ဖြင့် ၁၅ မိနစ်ကြာအောင် ဆေးစိမ်ပြီးမှ စိုက်ပျိုးကြရသည်။ ရာသီဥတုအခြေအနေများနှင့် အပင်၏ ပျိုးခံပစ္စည်းများဖြစ်သည့် မျိုးပွားစာများ အခြေအနေအပေါ် မူတည်ပြီး ပင်ဖြစ်ရေကို လောင်းပေးရသည်။

သစ်ခွပင်များ ပန်းပွင့်လာစေရန် သစ်ခွပင်ကျန်းမာသန်စွမ်းနေစေရန် သစ်ခွပင် အားတိုးဆေးများကိုလည်း ၁၀ ရက်တစ်ကြိမ်ခန့် ကျွေးပေးရန် လိုအပ်သည်။ ယခုအခါ မြန်မာ့သစ်ခွများကို မျိုးပွားကြရာတွင် အပင်တစ်သျှူးမျိုးပွားခြင်း နည်းများဖြင့်လည်း မွေးမြူစိုက်ပျိုးကြသည်။

ဒိုးကွင်းသစ်ခွခြံတွင် ထိန်းသိမ်းထားသည့် ရှားပါး သစ်ခွမျိုးစိတ်များမှာ မီးမလောင်ပန်း (အပွင့်သေး)၊ မီးမလောင်ပန်း (အပွင့်ကြီး)၊ သဇင်နက်၊ သစ်တက်လင်းနေ၊ ပန်းသက်ရှည်ညို၊ ငွေနှင်းဖြူ၊ ရတနာရွှေခက်၊ ခမောက်ကြိုး၊ ပုလဲနှစ်၊ ရွှေတူ မောက်ခမ်းဝါ၊ မဟာဒေဝီ၊ ဂနိုင် နဘေးပေါက်၊ တံခွန်ရွှေလုံး၊ ကြောင်ခေါင်းပန်း၊ ရွှေတူအာမဲ၊ တံခွန်ငွေလုံး၊ ဝါဆိုပန်း၊ ခရမ်းရောင်လွင်ပြင်၊ သီဂီညွန့်၊ မြဆစ်ကြိုး၊ စက္ကူပန်း၊ သင်းကြူကြူ၊ ဆင်မျက်ကွင်း၊ နီလုံး၊ ချင်းဒေဝီ၊





ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုများအားလုံး ပြည်တွင်း၌သာ ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချမည်ဆိုပါက ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သော်လည်း ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချမှုထက် ကုန်ကြမ်းအဖြစ် ပြည်ပသို့တင်ပို့ရောင်းချမှုက အမြတ်အစွန်း ပိုမိုရရှိနေသောကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေနှင့် ကုန်ကြမ်းအဖြစ်သာ ပြည်ပသို့တင်ပို့ရောင်းချမှုမြင့်တက်နေခြင်း ဖြစ်ကြောင်း သိရသည်။





လက်ရှိ ပြည်တွင်းဆီဈေးနှုန်းများ မြင့်တက်နေခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးကြီးများနှင့် မြို့နယ်များသို့ ဈေးကားများဖြင့် စားအုန်းဆီ တစ်ပိဿာလျှင် ၄၃၀၀ ကျပ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် တစ်နိုင်ငံလုံးရှိ အသင်းဝင်များမှတစ်ဆင့် စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက်လည်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ အသင်းဝင်များထံသို့ စားသုံးဆီများ ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ယင်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စားသုံးဆီဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် အသင်းမှ ရောင်းချပေးသော ဈေးနှုန်းအပေါ် သယ်ယူခနှင့်အကျိုးအမြတ် နှစ်ရာခိုင်နှုန်းသာယူပြီး ရောင်းချပေးရမည်ဟု သတ်မှတ်ထားသည်။

ပြည်ပမှ ဆီတင်သွင်းမှုအနေနှင့်လည်း ၂၀၁၉ ခုနှစ်တွင် တန်ချိန် ရှစ်သိန်းရှစ်သောင်း တင်သွင်းခဲ့ရပြီး ၂၀၂၀ ပြည့်နှစ်က တန်ချိန် ငါးသောင်းလျှော့ချတင်သွင်းခဲ့သည်။ ၂၀၂၁ ခုနှစ်တွင်လည်း ဆီတန်ချိန် တစ်သိန်းလျှော့ချတင်သွင်းခဲ့ရာ ၂၀၂၂ ခုနှစ်တွင် ဆီတန်ချိန် ခြောက်သိန်းသာ တင်သွင်းမည်ဖြစ်သည်။

အဆိုပါတင်သွင်းမှုလျှော့ချနိုင်ခြင်းမှာ ပြည်တွင်းမှ ဆီထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆီထွက်သီးနှံများ ယခင်နှစ်များထက် ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်မှုကြောင့် ဖြစ်သည်။ ဆီစက်လုပ်ငန်းများအနေနှင့်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဆီစက် ၂၆၀၀ ကျော်ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ဆီစက်လုပ်ငန်း ၃၀၀၀ အထိ တိုးတက်လာကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းသည် ပြည်တွင်းစားသုံးဆီ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာရေးအတွက် စားသုံးဆီ ပြပွဲနှင့်ပြိုင်ပွဲများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်နေကြောင်း သိရသည်။ **ဇော်လင်းထွန်း**

---

နတ်သမီးသစ်ခွ၊ သဇင်ဗိုလ်၊ တောင်ကရက်မက်၊ ပိတုန်းကျား၊ ပုတီးဆင့်၊ စေတီသစ်ခွ၊ ရွှေမင်းသမီး၊ ပျားလေးသစ်ခွ၊ ခွံမြစမ်း၊ ငွေနားဖြူ၊ မြွေမင်းသား၊ မြွေမင်းသမီး၊ သစ်ခွနက်၊ ကျောက်သစ်ခွ၊ မိုးလုံးမှိုင်း၊ ဖော်ရည်သစ်ခွ (ပြင်ဦးလွင်)စသည်ဖြင့် တစ်နေရာတည်းတွင် ကြည့်ရှု လေ့လာနိုင်ကြမည် ဖြစ်သည်။



ပြင်ဦးလွင်မြို့နယ်အတွင်းတွင် ပေါက်ရောက်နေသည့် သစ်ခွမျိုးရင်းများမှာ တောင်နံ့ဘေးပေါက်၊ ကြက်တောင်ပံ၊ ဂနိုင်ဘေးပေါက်၊ ကိန္နရီ၊ ရွှေတူမောက်ခမ်းဝါ၊ စာကလေး၊ ကျားလျာ၊ နတ်သမီး





သစ်ခွ၊ သိင်္ဂီညွန့်သစ်ခွမျိုးများဖြစ်ပြီး မြေကြီးတွင် တွယ်ကပ်ပေါက်ရောက်သော သစ်ခွမျိုးများမှာ ဝါးသစ်ခွ၊ မြေပေါက်သစ်ခွများပင် ဖြစ်သည်။ ရှားပါးသစ်ခွမျိုးရင်းဝင်ဖြစ်သည့် ဖော်ရည်သစ်ခွခေါ် ဘင်နီလာသစ်ခွ (Vanilla Planifolia Andrews) သည် ပန်းပွင့်ချိန်မှာ မတ်မှ မေလအထိ ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင်သာ ပေါက်ရောက်မှုများရှိနေကြောင်း သိရှိရပါသည်။



ဒိုးကွင်သစ်ခွခြံတွင် အပင်တစ်သျှုးနည်းများဖြင့် မျိုးပွားထားသည့် ကြောင်ခေါင်ပန်း၊ မိုးလုံးမှိုင်း၊ ကျောက်သစ်ခွ (ဆင်စွယ်သစ်ခွ)၊ ချင်းဒေဝီ၊ ပန်းသက်ရှည်ညိုသစ်ခွမျိုးများကို လှပဝေဆာစွာ တွေ့မြင်နိုင်ပါသေးသည်။ သစ်ခွပင်စိုက်ပျိုးရာတွင် သစ်တုံးများဖြင့်လည်းကောင်း၊ သစ်ပင်များတွင်လည်းကောင်း၊ ပန်းခြင်းများဖြင့်လည်းကောင်း ထည့်သွင်းစိုက်ပျိုးပေးနိုင်သည်။ သစ်ခွပျိုးစင်များအဖြစ် အနံ ၃ ပေ၊ အလျား ၆ ပေ၊ အမြင့် ၄ ပေတွင် ပုစွန်သစ်ခွ ခေါ် စေတီသစ်ခွမျိုး ပိဿာချိန် ၁၀၀၀ ခန့်အထိ ပြုစုပျိုးထောင်ပြသထားသည်ကို တွေ့မြင်နေရပါသည်။

ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၀၀၀ ကျော်မြင့်သည့် တောင်ပေါ်မြို့ဖြစ်နေပြီး မြို့နယ်အတွင်းတွင် အမြဲစိမ်းတော၊ ရွက်ပြတ်တောများ၊ တောင်ပေါ်တောများ၊ ထင်းရှူးတောများ ပေါက်ရောက်လျက်ရှိနေရာ သစ်တောကြီးများအတွင်းတွင်လည်း ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ၊ နှော၊ ပိတောက်၊ ဖက်ဆွတ်၊ ဖန်ခါး၊ သပြေ၊ ဇီးဖြူ၊ သင်းဝင်၊ မက်ချစ်မွန်၊ ထင်းရှူးပင်နှင့် ပန်းချယ်ရီ၊ ဝါးပင်အမျိုးမျိုး၊ သစ်ခွပင်အမျိုးမျိုးတို့ကို တွေ့မြင်နိုင်သည်။

မြန်မာနိုင်ငံတွင် နေရာဒေသအသီးသီးမှ ခရီးသွားလုပ်သားပြည်သူများအနေနှင့် ခရီးသွားလာရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များကို လေးစားလိုက်နာပြီး ခရီးသွားလာလျက်ရှိရာ တောင်လှေကား မြို့တော်(ခ) ပြင်ဦးလွင်မြို့နယ်အတွင်း ထင်းရှူးပင်၊ ချယ်ရီပင်၊ ဒေစီ၊ ဒေလီယာ၊ ပွင့်တူရွက်တူ၊ ပန်းအလှရောင်စုံအပင်များကို မြို့၏ နေရာအနှံ့လေ့လာနိုင်ကာ လက်ရှိအခြေအနေတွင် အေးမြသောရာသီဥတုနှင့် သာယာသောတောတောင်ရှုခင်း ရေမြေသဘာဝတို့နှင့်အတူ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီကဲ့သို့ ဒေသထွက်ကုန်များနှင့်အတူ ရောင်းရန်မဟုတ်သည့် မြန်မာ့ရှားပါးသစ်ခွမျိုးစိတ်များ၊ မျိုးရိုးဗီဇထိန်းသိမ်းခြင်း (ဒိုးကွင်သစ်ခွခြံ) တွင် သစ်ခွမျိုးစိတ်များစွာတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုကာ လာရောက်အပန်းဖြေနိုင်ကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

**ရွှေမင်းအောင်**
**(ကျောက်ပန်းတောင်း)**

# ပြည်ပဈေးကွက်ဝယ်လိုအားမြင့်တက်နေသည့် ကမ္ဘောဒီးယား သရက်သီး

ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍထွက်ကုန်များ ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် သရက်သီးများကို တရုတ်နိုင်ငံသို့ နှစ်စဉ်တန်ချိန် ငါးသိန်းကျော် တင်ပို့နေရာ ပိုမိုတင်ပို့နိုင်ရေး ကြိုးစားနေကြောင်း ကမ္ဘောဒီးယား လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပနိုင်ငံများသို့ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ပျိုးရာသီတွင် တန်ချိန်ပေါင်း ၁၃ သန်းခန့် တင်ပို့နိုင်ခဲ့သည်။ ထိုသို့ တင်ပို့နိုင်မှုကြောင့် ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၃၃ ဘီလီယံခန့် ရရှိခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် စိုက်ပျိုးရေးနှင့် အခြားစီးပွားရေး ကဏ္ဍများ ရိုက်ခတ်မှုခံရသော်လည်း ယခု ၂၀၂၀ ပြည့်နှစ်ကုန်တွင် ယခင်နှစ်များကထက် စိုက်ပျိုးရေး ထွက်ကုန် တန်ချိန် သန်း ၂၀ ကျော် ပိုမိုထွက်ရှိတင်ပို့နိုင်ရေး မျှော်မှန်းထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော သရက်သီးများကို စံချိန်စံညွှန်းအတိုင်း ပြည်ပဈေးကွက်များသို့ တင်ပို့ရာတွင် သရက်သီးအလုံးလိုက် သေတ္တာများဖြင့် ထုတ်ပိုးတင်ပို့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်စဉ်ပြည်ပဈေးကွက်သို့ သရက်သီးအလုံးလိုက်တင်ပို့မှု စုစုပေါင်းတန်ချိန် ၁ ဒသမ ၅ သန်းခန့်ရှိကြောင်း သိရသည်။




ကမ္ဘောဒီးယားနိုင်ငံအတွင်း သရက်စိုက်ဧရိယာများကို နေရာအနှံ့အပြားတွင် စိုက်ပျိုးကြသော်လည်း နိုင်ငံ၏အနောက်တောင်ပိုင်းဒေသများတွင် ဟက်တာ ၂၅၀၊ ဟက်တာ ၃၀၀ စသည့် သရက်ခြံကြီးများဖြင့် စိုက်ပျိုးခြင်းဖြစ်သည်။ တောင်ခြေဧရိယာများတွင်လည်း စိုက်ခင်းကျယ်များ၊ သရက်ခြံကြီးများ ဖော်ဆောင်ကာ စိုက်ပျိုးမှုများလည်း ရှိသည်။

ကမ္ဘောဒီးယားသရက်သီးသည် အရည်အသွေးကောင်းမွန်မှုကြောင့် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့က နှစ်စဉ် စာချုပ်များချုပ်ဆိုကာ ဝယ်ယူလျက်ရှိသည်။ အခြားပြည်ပနိုင်ငံများကလည်း ဝယ်ယူရန် ကမ်းလှမ်းမှုများရှိနေရာ ကမ္ဘောဒီးယား သရက်သီးများ ပိုမိုတင်ပို့ရန် အခွင့်အလမ်းများရှိနေသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် စိုက်ပျိုးသီးနှံများအနက် စပါး၊ ငှက်ပျောပြီးလျှင် သရက်မှာ ပြည်ပသို့ တင်ပို့မှု အများဆုံးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော သရက်သီးများအားလုံး၏ ၈၀ ရာခိုင်နှုန်းကို ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိရာ အရည်အသွေးကောင်းမွန်မှုနှင့် ဓာတုဆေးဝါးကင်းစင်မှု တို့ကို အလေးထားကာ တောင်သူများအား အထွက်နှုန်းကောင်းရေး ကမ္ဘောဒီးယား စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ကမ္ဘောဒီးယားသရက်သီးများကို ဗီယက်နမ်နှင့်ထိုင်းနိုင်ငံများသို့လည်း တင်ပို့နေပြီး ပြီးခဲ့သည့်နှစ်များက ဗီယက်နမ်သို့ သရက်သီးတန်ချိန် ၁၇၄၇၅၆ တန်နှင့် ထိုင်းနိုင်ငံသို့ တန်ချိန် ၂၆၉၆၉ တန် အသီးသီးတင်ပို့ခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာ အထိ သရက်သီး ပြည်ပတင်ပို့မှု လစဉ်တိုးမြင့်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် အလားတူကာလကထက် ၁၅၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြည်ပပို့ကုန်များအနက် သရက်သီးတင်ပို့မှုသည်လည်း အရေးပါလာပြီး နိုင်ငံခြားငွေရှာဖွေပေးနေသည့် စိုက်ပျိုးရေးထွက်ကုန် ဖြစ်လာသဖြင့် နှစ်စဉ် ပိုမိုတင်ပို့နိုင်ရေး ကမ္ဘောဒီးယားစိုက်ပျိုးရေး တာဝန်ရှိသူများက ကြိုးစားလျက်ရှိသည်။

**(ဖနောင်ပင်ပို့စ်)**
**မိုးမြင့်လင်းလက်**

---

# ကမ္ဘာ့အကောင်းဆုံးပြောင်းချိုမွှေး တောင်ကိုရီးယားတင်ပို့နိုင်ရေးကြိုးစားနေ





တောင်ကိုရီးယားနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ပြောင်းချိုကို နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချလျက်ရှိရာ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်းသိရသည်။ တောင်ကိုရီးယားနိုင်ငံမှ ထွက်ရှိသော အရသာချိုမွှေးသည့် ပြောင်းချိုကို ဂျပန်၊ တရုတ်၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ လက်ဘနွန်နှင့် တူရကီနိုင်ငံတို့အပြင် အီရန်နိုင်ငံများသို့လည်း တင်ပို့နေသည်။

ပြောင်းချိုမွှေးကို တောင်ကိုရီးယားနိုင်ငံ၏ တောင်ပိုင်းဒေသများတွင် စိုက်ပျိုးမှုအများဆုံးဖြစ်ပြီး "ကမ်ဘဲလ်လာ ၉၀"မျိုးကို အဓိက စိုက်ပျိုးကြကြောင်း သိရသည်။ နှစ်စဉ် ဧပြီလတွင် စိုက်ပျိုးကြပြီး ဇွန်လကုန်တွင် ရိတ်သိမ်းလေ့ရှိရာ မျိုးစိတ်သုတေသနပြုမှုနှင့် ပိုမိုကောင်းမွန်သောမျိုးစိတ်များ အသုံးပြုလာနိုင်မှုတို့ကြောင့် အရည်အသွေးကောင်းမွန်သော ပြောင်းချိုမွှေးများ ထွက်ရှိလာခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် ပြောင်းချိုအများဆုံးတင်ပို့သည့်နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီကာလ ပြောင်းချိုတန်ချိန် ၃၄၆ မက်ထရစ်တန်ရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်ကာလက မက်ထရစ်တန် ၃၅၀ ခန့်အထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဒုတိယအများဆုံး ပြောင်းချိုတင်ပို့သည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး မက်ထရစ်တန်ချိန်သန်း ၂၆၀ ဒသမ ၈ တန်အထိ တင်ပို့ခဲ့သည်။ တတိယအများဆုံးမှာ ဘရာဇီးဖြစ်ပြီး မက်ထရစ်တန် သန်း ၁၀၂ တန်ဖြစ်ကာ စတုတ္ထအများဆုံးမှာ အာဂျစ်တီးနားဖြစ်သည်။ ပဉ္စမအများဆုံးမှာ ယူကရိန်းဖြစ်ပြီး ဆဌမအများဆုံးမှာ အိန္ဒိယဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးသောနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးစိုက်ပျိုးသည့်သီးနှံမှာ ပြောင်းချိုဖြစ်သည်။ ယခုအခါ ပြောင်းချိုကို စိုက်ဧကတိုးချဲ့စိုက်ပျိုးရန် ကြိုးစားလျက်ရှိပြီး အဓိကဦးစားပေးအနေဖြင့် အရည်အသွေးအကောင်းဆုံးပြောင်းချိုအဖြစ် စိုက်ပျိုးထွက်ရှိရန် သုတေသနပြု စမ်းသပ်နေရာ အောင်မြင်မှုရရှိနေပြီ ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံမှ Hi-brix 58 မျိုးသည် အသား နူးညံ့ပြီး အရသာထူးခြား ကောင်းမွန်ကာ အရည်အသွေး မြင့်မားသဖြင့် ကမ္ဘာ့ဈေးကွက်တွင် နာမည်ရလျက်ရှိသည်။ အဆိုပါ ပြောင်းချိုမွှေးမျိုးကို တောင်ကိုရီးယား တောင်သူများ ပိုမိုစိုက်ပျိုးလာလျက်ရှိရာ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားများလာသည်။

ယင်းပြောင်းချိုမျိုးသည် ပီဇာအမျိုးမျိုး၊ ခေါက်ဆွဲအမျိုးမျိုး၊ သရေစာမုန့်အမျိုးမျိုးတို့တွင်သာမက အခြားတွဲဖက်လျက် အမျိုးမျိုးသော စားစရာများတွင် ထည့်သွင်းအသုံးပြုနိုင်ခြင်း၊ ပြောင်းကော်မှုန့်အဖြစ် အသုံးပြုနိုင်ခြင်းတို့ကြောင့် ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းကာ တင်ပို့မှုများပြားလျက် ရှိသည်။

ကမ္ဘာပေါ်တွင် အကောင်းဆုံး ပြောင်းချိုမွှေးအဖြစ် ရောက်ရှိလာရေး တောင်ကိုရီးယား စိုက်ပျိုးရေး သုတေသနပညာရှင်များ ကြိုးစားနေပြီး တောင်ကိုရီးယား စိုက်ပျိုးရေး တောင်သူများကလည်း အထွက်နှုန်းကောင်းမွန်ရေး ကြိုးစားနေသည်။

**(ယွန်ဟက်)** **မိုးမြင့်လင်းလက်**

## လုပ်ငန်းသုံးစက်ဆီ ဒီဇယ်ဂါလန် ၁၂ သန်းခွဲကျော်
# သတ်မှတ်နှုန်းထားဖြင့် ဖြန့်ဖြူးပေးနေ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဇဟိုဘဏ်က ကန်ဒေါ်လာ ၃၄ သန်းဖိုးရှိ လုပ်ငန်းသုံး စက်သုံးဆီများ သတ်မှတ်ဈေးနှုန်းနှင့် ရောင်းချပေးထားသဖြင့် ဒီဇယ်ဆီအသုံးပြုရမည့် နွေသီးနှံ စိုက် တောင်သူများ အဆင်ပြေနိုင်သည်ဟု ခန့်မှန်းထားကြသည်။

ရန်ကုန်ဈေးနှုန်းမှာ ပရီမီယံ ဒီဇယ်တစ်လီတာလျှင် ၁၄၀၁ ကျပ်၊ ရိုးရိုးဒီဇယ် တစ်လီတာ ၁၃၇၇ ကျပ်ဖြင့် ဇန်နဝါရီ ၁၅ ရက်မှ စတင်ရောင်းချပေးကြောင်း သိရသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သယ်ယူပို့ဆောင်စရိတ်ကြောင့် ဈေးနှုန်းအပြောင်းအလဲရှိနိုင်သော်လည်း ဗဟိုဘဏ်က ကြီးကြပ်သတ်မှတ်ပေးထားသည့် ဈေးနှုန်းဖြင့်သာ တွက်ချက်ရောင်းချပေးရခြင်းဖြစ်၍ ပြင်ပဈေးထက် တစ်ဂါလန်လျှင် ကျပ် ၄၀၀ မှ ၄၅၀ ခန့်သက်သာနိုင်ကြောင်း သိရသည်။

ယင်းကဲ့သို့ အထူးဈေးနှုန်းဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၁၈၃ ဆိုင်မှ ရောင်းချပေးနေသည့်ပြင် မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် လုပ်ငန်းသုံးစက်ဆီဈေးဖြင့် ဒီဇယ်ဆီ ဂါလန် ၁၂ သန်းခွဲကျော်ကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(PAK - Bio)



# မိုးရာသီက ဧကပေ ၁၂ သန်းခန့် ရေသိုလှောင်နိုင်ခဲ့ နွေစပါးနှင့်အခြားသီးနှံ ဧက ၁၂ သိန်းကျော် ရေပေးနိုင်ရန် မျှော်မှန်း

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနက ရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲ ဆည်ပေါင်း ၁၄၄ ခု၊ ရေတံခါး ၁၉၉ ခု၊ ကန် ၇၂ ခု၊ မြစ်ရေတင် စီမံကိန်း ၂၁၀ တို့မှ စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် မိုးရာသီက မိုးရွာသွန်းမှုအရ ဆည်တမံများတွင် ရေဝင်ရောက်မှုကောင်းမွန်ခဲ့ပြီး လိုအပ်သည့် ရေလှောင်ပမာဏများလည်း ပြည့်မီခဲ့ကာ နိုင်ငံတစ်ဝန်း ရေသိုလှောင်နိုင်မှု ဧက ပေ ၁၂ သန်းခန့်ရှိခဲ့သည်ဆို၏။

ယင်းသို့ သိုလှောင်နိုင်မှုအရ ယခုနွေစပါးစိုက်ရာသီတွင် နိုင်ငံတစ်ဝန်း နွေစပါးနှင့် အခြားသီးနှံဧက ၁၂ သိန်းကျော် ရေဖြန့်ဝေပေးနိုင်မည်ဟု ခန့်မှန်းထားသည်။

**(PAK - Bio)**

**ကျောဖုံး – ပြောင်းလဲရန် မှ**

ကစ္ဆပ–လူထူးဖြစ်ပါတယ်။ သူဟာလူငယ်တစ်ဦးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေဆီ သွားပြီး လယ်ယာလုပ်ငန်းခွင်တွေကို လေ့လာလုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ စာရေးသူတို့သွားတဲ့အချိန်ဟာ ဇန်နဝါရီလရောက်ပြီဖြစ်ပေမယ့် ကားလမ်းဘေးကတစ်ချို့ လယ်ကွင်းတွေဟာ ရိတ်သိမ်းမပြီးသေးတာကို တွေ့ရပါတယ်။ ဒီနေ့ ရခိုင်ပြည်နယ်ရဲ့ လယ်ယာလုပ်ငန်းမှာ ခိုင်းကျွဲ၊ ခိုင်းနွားရှားပါးလာမှု၊ လယ်ယာလုပ်သားရှားပါးလာမှုတွေကို တွေ့နေရပါတယ်။ ဒါတွေအစား လယ်ယာထွန်ယက်ရာမှာဖြစ်စေ၊ ရိတ်သိမ်းနယ်လှည့်ရာမှာဖြစ်စေ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲဖို့ တောင်းဆိုနေတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဒီကိစ္စကို ကစ္ဆပ–လူထူးရော စာရေးသူပါအမြင်ချင်းတူလက်ခံကြပါတယ်။ ကစ္ဆပ–လူထူးကတော့ လယ်ထွန်စက်ကိစ္စ၊ ရိတ်သိမ်းစက်ကိစ္စတွေကိုဒေသခံ လယ်သမားတွေနဲ့ စုပေါင်းပြီး ဆောင်ရွက်ဖို့အားသန်နေတာကို တွေ့ရပါတယ်။ ဒေသအလိုက် ကျေးရွာတွေနယ်မြေသတ်မှတ်စုဖွဲ့ပြီး ဒေသတွင်းကလယ်ယာလုပ်သားတွေ စုပေါင်းထူထောင်တဲ့နည်းနဲ့ ဆောင်ရွက်နိုင်မယ့်အကြောင်းတွေကို ပြောဖြစ်ခဲ့ကြပါတယ်။ ကျေးလက်သားတွေကို စည်းရုံး ဆောင်ရွက်နိုင်ဖို့တော့ လိုအပ်မှာပါ။ အထူးသဖြင့် ကစ္ဆပ–လူထူးလို လူငယ်တွေရဲ့အတွေးအမြင်တွေ ပြောင်းလဲလာဖို့ လိုပါတယ်။ ကျေးလက်တွေမှာ ဘွဲ့ရပညာတတ်တွေ အများအပြားရှိလာပါပြီ။ ဒါပေမယ့် ဒီလူငယ်တွေဟာ ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ဖို့၊ အထူးသဖြင့် လယ်ယာလုပ်ငန်းခွင်မှာ ဝင်ရောက်လုပ်ကိုင်ဖို့ အားနည်းနေကြတာကို တွေ့နေရပြီး၊ အစိုးရဌာနဆိုင်ရာတွေမှာ၊ ကုမ္ပဏီတွေမှာ ဝင်ရောက်လုပ်ကိုင်ဖို့သာ စိတ်ဝင်စားနေကြသလို အခွင့်သာရင် နိုင်ငံခြားကို ထွက်ဖို့ စိတ်ဝင်စားဖြစ်နေကြတာကို တွေ့နေရပါတယ်။

စာရေးသူဟာရခိုင်ပြည်နယ်က စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးတိုင်း သူတို့ရဲ့ရင်ဖွင့်စကားကို အမြဲကြားရတတ်တာကတော့ ရခိုင်ပြည်နယ်မှာ စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ဖို့၊ လုပ်ငန်းထူထောင်ဖို့အရင်းအနှီး မရှိတာ၊ နည်းပညာလိုအပ်တာတွေကို တူညီတဲ့အသံတစ်ခုအနေနဲ့ ကြားရမြဲဖြစ်ခဲ့ပါတယ်။ အရင်းအနှီးအတွက် စုပေါင်းဆောင်ရွက်ရနိုင်တယ်ဆိုပေမယ့် ရခိုင်လုပ်ငန်းရှင်တွေဟာ စုပေါင်းဆောင်ရွက်မှုမှာ အားသန်မှုမရှိကြတာကို တွေ့မြင်နေရဆဲပဲရှိပါသေးတယ်။ တစ်ဦးနဲ့တစ်ဦးယုံကြည်မှု၊ လေးစားမှုကိုလည်း ရခိုင်စီးပွားရေးလုပ်ငန်းရှင်တွေအကြားမှာ တည်ဆောက်ဖို့လိုအပ်ဦးမှာ မြင်မိပါတယ်။ နည်းပညာကတော့ လေ့လာသင်ယူတတ်ရင်ရနိုင်မှာလည်းဖြစ်ပါတယ်။ ဒီအတွက် စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဘွဲ့ရပညာတတ်တွေ စိတ်ဝင်တစားပါဝင် စွမ်းဆောင်နိုင်ကြဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒီနေ့ကျေးလက်တွေမှာ အလုပ်လက်မဲ့ဘွဲ့ရပညာတတ်တွေ ရှိလာပါပြီ။ ဒါတွေဟာ နိုင်ငံရဲ့စိုက်ပျိုးရေးလုပ်ငန်းအတွက် အားတစ်အားလည်း ဖြစ်ပါတယ်။ ပညာတတ်ကျေးလက်ဒေသက လူငယ်တွေရဲ့ အင်အားဟာ ရခိုင်ပြည်နယ် လယ်ယာစိုက်ပျိုးရေးအတွက် အထောက်အကူပြုနိုင်မယ့် အားတစ်အားဖြစ်တာမို့ သူတို့တွေကို ဦးဆောင်ပေးနိုင်သူတွေတော့လိုအပ်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ဆက်တည်းစဉ်းစားမိတာက တောင်သူကို အမာခံထားပြီး ငွေကြေးရင်းနှီးသူတွေက ငွေကြေးစိုက်ထုတ်လုပ်ကိုင်တဲ့ ကန်ထရိုက်လယ်ယာစနစ်ကို အသက်သွင်းဆောင်ရွက်ခြင်းဖြင့်လည်း ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သလို လယ်ယာစိုက်ပျိုးရေးကိုလည်း အထောက်အကူပြုနိုင်မယ်ဆိုတာပါ။

### သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေး

ဒါနဲ့တစ်ဆက်တည်းပဲ ရခိုင်ပြည်နယ်မှာ စပါးအပြီး ဆောင်းသီးနှံလို့ဆိုတဲ့ ငရုတ်၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံသီးနှံတွေ စိုက်ပျိုးရေးအကြောင်းကိုလည်း ပြောဖြစ်ခဲ့ကြပါသေးတယ်။ ရခိုင်ပြည်နယ်မှာ ရေချိုအရင်းအမြစ်တွေရှိပါတယ်။ ကျောက်တော်၊ မြောက်ဦးဒေသတွေမှာ မြစ်ရေတင်စီမံကိန်းတွေ၊ ဆည်တွေရှိပါတယ်။ ဒါတွေကို အကျိုးရှိစွာ အသုံးချနိုင်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်က တောင်သူတွေဟာ သီးညှပ်စိုက်ပျိုးရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်နေကြတာကို လေ့လာတွေ့ရှိပါတယ်။ တကယ့် စီးပွားဖြစ်အကြီးအကျယ် စိုက်ပျိုးလုပ်ကိုင်နေကြတာကို မတွေ့ရပါဘူး။ ရခိုင်ပြည်နယ်ရဲ့ စိုက်ပျိုးသီးနှံဈေးကွက်ဟာ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ရှိနေပါတယ်။ အိန္ဒိယဆိုရင် ဆောင်ရွက်နေဆဲ ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေးစီမံကိန်းနဲ့အတူ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသဖြစ်တဲ့ မီဇိုရမ်၊ မဏိပူရစတဲ့နေရာအတွက် ရခိုင်ပြည်နယ်ထွက်ကုန်ပစ္စည်းတွေကို တင်ပို့ရောင်းချနိုင်တဲ့ဒေသတွေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ မြောက်ဖက်စီးပွားရေးတံခါးပေါက်ဟာ အိန္ဒိယနိုင်ငံဖြစ်ပြီး ရခိုင်ကထွက်တဲ့ ငရုတ်၊ ပဲ၊ ကွမ်းသီး၊ အုန်းသီးစတဲ့သီးနှံတွေရဲ့ ဝယ်လိုအားရှိတဲ့ နေရာလည်း ဖြစ်ပါတယ်။ ဖြစ်ပေါ်လာမယ့် စိုက်ပျိုးရေးသီးနှံ ဈေးကွက်အလားအလာကို မျှော်ကိုးဆောင်ရွက်နိုင်ဖို့ လိုကြမှာပါ။

စာရေးသူဟာ စစ်တွေကနေ ကန်စောက်ကျေးရွာသို့ အသွား ကားလမ်းဘေးဝဲယာမှာ မြင်တွေ့ခဲ့ရတဲ့မြင်ကွင်းတွေကို ငေးကြည့်လာမိပါတယ်။ စာရေးသူရဲ့ အတွေးထဲမှာတော့ တစ်မျှော်တစ်ခေါ် စိမ်းစိုလှပနေတဲ့စိုက်ခင်းတွေ၊ တဒုတ်ဒုတ်အသံပေးပြီး လုပ်ငန်းခွင်ဝင်နေတဲ့ ရိတ်သိမ်းနယ်လှဲ့စက်တွေကို မြင်ယောင်နေမိပါတယ်။ ဒါပေမယ့် လက်တွေ့မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းကတော့ ဟိုတစ်ကွက်၊ သည်တစ်ကွက်စိုက်ထားတဲ့ ကျေးရွာအနီးက တစ်ပိုင်တစ်နိုင် ဟင်းခင်းလေးတွေ၊ ရိတ်သိမ်းနယ်လှဲ့မပြီးသေးတဲ့ စပါးခင်းတွေ၊ ရိုးပြတ်တွေထိုးထိုးထောင်ထောင်နဲ့ ပစ်ထားတဲ့ လယ်ကွင်းပြင်ကြီးတွေ၊ အသစ်အသစ်ဖြစ်ပေါ် တည်ဆောက်လာနေတဲ့ လယ်ကွင်းပြင်တွေမှာ ပေါ်ထွန်းလာနေတဲ့ အဆောက်အအုံသစ်တွေကိုသာ မြင်တွေ့ခဲ့ရပါတယ်။

ပြောင်းလဲလာတဲ့ ရေစီးကြောင်းမှာ မပြောင်းလဲ မတိုးတက်သေးတဲ့ ရခိုင်ပြည်နယ်ရဲ့ အနာဂတ် စိုက်ပျိုးစီးပွားအတွက် မျှော်လင့်နေမိပါတယ်။ **ကျွန်းသားငမန်း**

# ရန်ကုန်ဈေးကွက်

ယခုရက်သတ္တပတ်အတွင်း စားဖိုဆောင်သီးနှံဈေးကွက်တွင် ကြက်သွန်နီ (ထူး၊ လတ်၊ သေး) ဈေးနှုန်းများ အနည်းငယ်စီ ဈေးမြင့်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ မိုးကြက်သွန်နီအသစ်များ ဝင်ရောက်မှု နည်းသေးခြင်း၊ အရည်အသွေးကောင်းခြင်းကြောင့်လည်းကောင်း၊ ကြက်သွန်နီ အဟောင်းလက်ကျန်များ ကုန်အဝင်နည်းလာခြင်း၊ အကြီးစ၊ အလတ်စများ ဝင်ရောက်မှုများခြင်း၊ စားသုံးသူများမှ ဝယ်လိုအား ပုံမှန်ရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ်စီ ဈေးမြင့်ခဲ့သည်။

ယခင် ရက်သတ္တပတ်အတွင်း ကြက်သွန်နီအဟောင်း တစ်ပိဿာလျှင် ပျမ်းမျှအားဖြင့် ၉၂၅၊ ၇၅၀၊ ၆၂၅ ကျပ်ဖြစ်ပြီး မိုးကြက်သွန်နီအသစ် တစ်ပိဿာလျှင် ၇၀၀၊ ၅၀၀၊ ၃၂၅ ကျပ်ဖြစ်သည်။ ယခုအပတ်ဈေးနှုန်းမှာ ကြက်သွန်နီ အဟောင်း တစ်ပိဿာလျှင် ပျမ်းမျှအားဖြင့် ၉၅၀၊ ၈၂၅၊ ၆၇၅ ကျပ်ဖြစ်ပြီး မိုးကြက်သွန်နီအသစ် တစ်ပိဿာလျှင် ပျမ်းမျှအားဖြင့် ၈၀၀၊ ၅၅၀၊ ၄၀၀ ကျပ်ဖြစ်သည်။

ယခင်နှစ်အတွင်း ကိုဗစ်-၁၉ ဂယက်နှင့် ပြည်တွင်းရေး အခြေအနေများကြောင့် ကြက်သွန်နီများအား ပြည်ပတင်ပို့မှု လျော့နည်းခဲ့ကာ ပြည်တွင်း၌ ကုန်လက်ကျန်များစွာ ကျန်ရှိခဲ့သည်။ ကြက်သွန်နီအသစ်ပေါ်ချိန်တွင် ကုန်သည်ပွဲစားများမှ အဟောင်းလက်ကျန်များအား ဦးစားပေးရောင်းချပေးခြင်း၊ ကြက်သွန်နီအသစ်များအား ရန်ကုန်ဈေးကွက်သို့ မှာယူရောင်းချမှုနည်းခြင်းတို့ကြောင့် ကြက်သွန်နီအဟောင်းရော၊ အသစ်ပါသင့်တင့်သောဈေးနှုန်းများရရှိပြီး ပုံမှန်ရောင်းဝယ်မှု ရှိခဲ့ကြောင်း သိရသည်။

ကြက်သွန်ဖြူ (ကြူကုတ်) ဈေးနှုန်းများမှာ တင်သွင်းဈေးမြင့်ခြင်းနှင့် ကုန်အဝင်နည်းခြင်းကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်း ၄၆၀၀ ကျပ်ရှိခဲ့ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၉၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။



ကြက်သွန်ဖြူ(ရှမ်း)မှာ ဈေးကွက်သို့ ကုန်အဝင်ပုံမှန်ရှိခြင်း၊ စားသုံးသူများမှ ဝယ်လိုအား ပုံမှန်သာရှိခြင်းတို့ကြောင့် ရောင်းလိုအား၊ ဝယ်လိုအား မျှကာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း)၏ ယခင်အပတ်နှင့် ယခုအပတ် ဈေးနှုန်းမှာ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၂၂၅၀ ကျပ်ဖြစ်သည်။

အာလူးဈေးနှုန်းများမှာလည်း တရုတ်အာလူးနှင့် ရှမ်းအာလူးများ ဈေးကွက်သို့ ကုန်အဝင်နည်းကာ ဈေးမြင့်နေခြင်းကြောင့် စားသုံးသူများမှ ဝယ်လိုအားနည်းခဲ့သော်လည်း အာလူး (အက်စ်တူး၊ အိုကေ၊ အေဝမ်း)များမှာ ယခင်အပတ်ဈေးနှုန်းများဖြင့် ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး အာလူး (အက်စ်ဝမ်း)မှာ ယခင်အပတ်ထက် တစ်ပိဿာလျှင် ၅၀ ကျပ်ဈေး လျော့နည်းခဲ့ကြောင်း သိရသည်။ ယခင်ရက်သတ္တပတ်အတွင်း အာလူး တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းများမှာ ၂၂၀၀၊ ၂၀၀၀၊ ၁၉၀၀၊ ၁၈၀၀ ကျပ်ဖြစ်ခဲ့ပြီး၊ ယခုအပတ်ဈေးနှုန်းမှာ ၂၂၀၀၊ ၁၉၅၀၊ ၁၉၀၀၊ ၁၈၀၀ ကျပ် ဖြစ်သည်။

ငရုတ်ခြောက်(ရှည်)မှာ ဈေးကွက်သို့ ပန်းရဲ ငရုတ်ရှည် ကုန်အဝင်နည်းသော်လည်း ရှမ်းငရုတ်ရှည် (အသစ်)များ ကုန်အဝင်လှိုင်လာခြင်းကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။

ငရုတ်ခြောက် (လတ်)မှာ သဲတော၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ ဟသ်ာတနှင့် ရှမ်းငရုတ်များ ဈေးကွက်သို့ ကုန်အဝင်နည်းခြင်း၊ အရည်အသွေးကောင်းခြင်းကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။

ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း၊ သာစည်၊ မြစ်ဝပုများ ကုန်အဝင်နည်းသော်လည်း စားသုံးသူများမှ အရောင်းအဝယ်အေးခြင်းကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။

ငရုတ်ခြောက် (ရှည်၊ လတ်၊ ပွ)၏ ယခင်အပတ် ဈေးနှုန်းမှာ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၄၇၅၀၊ ၃၆၅၀၊ ၆၃၅၀ ကျပ်ဖြစ်ခဲ့ပြီး ယခုအပတ် ဈေးနှုန်းမှာ ၄၄၂၅၊ ၃၇၅၀၊ ၅၇၅၀ ကျပ်ဖြစ်သည်။

**အေးသန္တာဝင်း**

# ဒေါ်လာဈေးအတက်အကျနှင့် ငရုတ်ကောင်းဈေးနှုန်း

ဒေါ်လာဈေးအတက်အကျနှင့်အထွက်နှုန်းတို့အပေါ် မူတည်၍ ငရုတ်ကောင်း ဈေးနှုန်းများလည်းဆက်လက် မြင့်တက်နေဆဲဖြစ်ကြောင်း ငရုတ်ကောင်းဈေးကွက် ကျွမ်းကျင်သူများထံမှ သိရသည်။

"ငရုတ်ကောင်း ဈေးကလုံးဝပြန်မကျသွားဘူး။ ဈေးနှုန်းကအတက်ဘက်မှာပဲ ဆက်ငြိမ်နေတယ်။ မနှစ်ကဈေးနဲ့ ယှဉ်ကြည့်ရင်တော့ ဒီနှစ်ငရုတ်ကောင်းဈေးကနှစ်ဆကျော်အထိ မြင့်တက်နေတာပဲ။ ပြည်တွင်းကထွက်တဲ့ ငရုတ်ကောင်းတွေ ဈေးတက်နေသလိုပဲ၊ ဒေါ်လာ ဈေးတက်နေတဲ့အတွက် ဗီယက်နမ်ဘက်ကနေ မြန်မာနိုင်ငံဘက်ကို ဝင်ရောက်လာတဲ့ငရုတ်ကောင်းတွေကလည်း ဈေးမြင့်နေပါတယ်"ဟု KKO-Pepper ငရုတ်ကောင်း ထုတ်လုပ်ရေး၏ စီမံအုပ်ချုပ်သူ ဦးအောင်ဆန်းဦးက ပြောသည်။

လက်ရှိတွင် ငရုတ်ကောင်းစေ့ (အမဲ) တစ်ပိဿာလျှင် ၁၃၀၀၀ ကျပ်မှ ၁၄၀၀၀ကျပ် အတွင်း ဈေးနှုန်းရှိနေကြောင်း ဘုရင့်နောင်ပွဲရုံရှိ ငရုတ်ကောင်းကုန်သည်များထံမှ သိရသည်။

"ဒီနှစ်ထဲ ငရုတ်ကောင်းဈေးတွေ ဘယ်လောက် တက်နေလဲဆိုရင် ပြီးခဲ့တဲ့နှစ်က ဒီအချိန်မှာ ငရုတ်ကောင်းစေ့ (အမဲ) ဈေးက တစ်ပိဿာကို ၆၀၀၀၊ ၇၀၀၀ ကျပ် ငရုတ်ကောင်းစေ့ (အဖြူ) ဈေးက တစ်ပိဿာကို ၂၅၀၀၀ ကျပ်ဝန်းကျင်ပဲ ရှိခဲ့တယ်။ အခုနှစ်မှာတော့ ငရုတ်ကောင်းစေ့ (အဖြူ) တစ်ပိဿာကို ၃သောင်းကျော်သွားပြီ။ ဒီနှစ်အခုလိုတွေ ဈေးတက်ရတဲ့ အကြောင်းအရင်းက ပြည်တွင်းက ငရုတ်ကောင်းခြံတွေမှာ အထွက်နှုန်းနည်းတာကြောင့်လည်း အများကြီး ပါပါတယ်"ဟု ဦးအောင်ဆန်းဦးက ဆက်လက်ပြောသည်။

ပြည်တွင်း၌ ငရုတ်ကောင်းစိုက်ဧကများ နည်းပါးနေသေးခြင်း၊ နှစ်ခြားသီးတတ်သည့် နှစ်တစ်ချို့တွင် ငရုတ်ကောင်းအထွက်နှုန်းများ ပုံမှန်နှစ်များကထက် လျော့ကျတတ်ခြင်း၊ စားသုံးမှုလိုအပ်ချက်အရ ပြည်ပမှ ငရုတ်ကောင်းများကို တင်သွင်းနေရခြင်းစသည့် လိုအပ်ချက်များစွာ ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

**နန်းထက်ထက်ချစ်**



## ဝါဈေးကောင်းလာ၍ ဝါစိုက်ဧက မြင့်တက်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ယခုနှစ်တွင် ဝါဈေးကောင်းလာသဖြင့် ဝါဂွမ်းတစ်ပိဿာလျှင် ၁၃၀၀ ကျပ်နှင့် အရည်အသွေးကောင်းဝါမှာ ၁၃၅၀ ကျပ်အထိ ပေါက်ဈေးရှိနေသည်။

ယခုအခါ ဝါအများဆုံးစိုက်ပျိုးရာဒေသများတွင် ဝါစိုက်ပျိုး ထုတ်လုပ်သူအစုအဖွဲ့များနှင့် ရက်ကန်းလုပ်ငန်းများတွင်လည်း စက်ရက္ကန်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေကြရာ မကွေးတိုင်းဒေသကြီး တစ်ခုတည်း၌ပင် ဝါစိုက်ပျိုးထုတ်လုပ်သူ အစုအဖွဲ့ပေါင်း ၂၉ ဖွဲ့ခန့်အထိ ရှိနေကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရက်ကန်းအဓိက မြို့နယ်ခြောက်မြို့နယ်တွင် လက်ရက်ကန်းအစုအဖွဲ့ ၁၆ ဖွဲ့နှင့် စက်ရက်ကန်းအစုအဖွဲ့ လေးဖွဲ့ရှိနေသည်ဟု သိရသည်။

မန္တလေး၊ ပလိပ်၊ မိတ္ထီလာ၊ တောင်တွင်းကြီး၊ အောင်လံ၊ နတ်မောက်၊ မြို့သစ်၊ ပခုက္ကူ စသည့် ဝါစိုက်ဒေသများတွင် ဝါကြိတ်စက်ရုံများက ဝါပိဿာချိန် တစ်နှစ်လျှင် ပျမ်းမျှ ရှစ်သိန်းမှ ၁၀ သိန်းအထိ ဝါဂွမ်းဖတ် ဝယ်ယူကြိတ်ခွဲလာကြသဖြင့် ဝါဈေးမြင့်တက်လာခြင်းလည်း ဖြစ်သည်။ **(PAK - Bio)**

# မန္တလေးဈေးကွက်

## ဆီထွက်သီးနှံနှင့် ဆီ

မန္တလေး ပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲ(လုံးဆန်)မှာ မိုးမြေပဲအဝင်နည်း၊ ပစ္စည်းရှားခြင်း၊ ဆောင်းမြေပဲမဝင်သေးခြင်းကြောင့် ၁၀၀ ပိဿာလျှင် ၃၀၀၀၀၀ ကျပ်၊ အနီဆံ ၁၀၀ ပိဿာ ၂၇၅၀၀၀ ကျပ်သို့ ဈေးမြင့်နေပြီး မြေပဲ(ဆီဆန်)မှာ မြင်းမူဆန်ပစ္စည်းရှားခြင်း၊ ဆောင်းပဲမဝင်သေးခြင်း၊ ဆီစက်သမား အဝယ်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ယခင်အပတ် ၂၆၅၀၀၀ ကျပ်မှ ယခုအပတ် ၂၇၅၀၀၀ ကျပ်သို့ ဈေးမြင့်လာသည်။ နှမ်းအုပ်စုအနေဖြင့် နှမ်းဖြူမှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးကောင်းခြင်း၊ ငွေဈေးမြင့်ခြင်း၊ တရုတ်ဝယ်လက်ဝယ်ယူမှုရှိခြင်းတို့ကြောင့် ယခင်အပတ် ပျမ်းမျှ ၁၂၉၃၀၀ ကျပ် မှ ယခုအပတ် ၄၅ ပိဿာလျှင် ၁၄၆၅၀၀ ကျပ်သို့ လည်းကောင်း၊ နှမ်းညိုမှာလည်း ဆီစက်သမားအဝယ်ရှိခြင်း၊ အက်ဆစ်ပါဝင်မှုပေါ်မူတည်၍ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသော ယခင်အပတ် အဟောင်းဈေး ၁၂၁၆၆၀ ကျပ် မှ ယခုအပတ် ၄၅ ပိဿာလျှင် ၁၂၆၅၀၀ ကျပ်သို့ ဈေးမြင့်လာသည်။ နှမ်းနက် ၄၅ ပိဿာ ယခင်အပတ် ပျမ်းမျှဈေး ၁၂၀၆၆၀ ကျပ်မှ ယခုအပတ် ၁၃၅၀၀၀ ကျပ်၊ နှမ်းဝါ ၄၅ ပိဿာ ၁၂၂၀၀၀ ကျပ် ဈေးအသီးသီး မြင့်လာသည်။

ပန်းနှမ်းမှာ အသစ်ဝင်လာခြင်း၊ ဆီစက်သမား ဝယ်ယူမှုရှိခြင်းကြောင့် ယခင်အပတ် ၇၉၅၀၀ ကျပ်မှ ယခုအပတ် ၄၅ ပိဿာ ၈၆၀၀၀ ကျပ်သို့ ဈေးမြင့်လာသည်။ နေကြာမှာမူ ဆီစက်သမား အဝယ်နည်းပြီး နေကြာစေ့သမား အဝယ်အနည်းငယ်သာရှိသဖြင့် ယခင်အပတ် ၂၇ ပိဿာ ၅၆၀၀၀ ကျပ်မှ ယခုအပတ် ၅၅၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ဆီဈေးနှုန်းများအနေဖြင့် နှမ်း၊ မြေပဲ ဈေးများမြင့်သော်လည်း စားသုံးမှုပုံမှန်သာရှိခြင်း၊ လက်ကျန်ဆီများဖြစ်ခြင်းကြောင့် ပဲဆီ တစ်ပိဿာ ၅၅၀၀ ကျပ် မှ ၆၀၀၀ ကျပ်၊ နှမ်းဆီ ၆၀၀၀ ကျပ်၊ ပဲပုတ်ဆီ ၃၅၀၀ ကျပ်၊ နေကြာဆီ ၆၀၀၀ ကျပ်မှ ၆၅၀၀ ကျပ်၊ မုန်ညှင်းဆီ ၅၂၅၀ ကျပ်၊ စားအုန်းဆီ ၄၇၉၀ ကျပ် ဈေးအသီးသီးဖြင့် ဈေးတည်ငြိမ်နေပါသည်။

## စားဖိုဆောင်သီးနှံ

စားဖိုဆောင်သီးနှံများ အနက် ကြက်သွန်နီဈေးနှုန်းမှာ ယခုအပတ်မြစ်သား၊ ရွှေဘိုတို့မှ အဝင်များပြီး ဖားကန့်၊ တနိုင်း၊ မဘိန်း စသော ဒေသများသို့ တင်ပို့မှုရှိသဖြင့် ကြက်သွန်နီ(ကြီး) တစ်ပိဿာ ၉၀၀ ကျပ်၊ လတ်တစ်ပိဿာ ၇၀၀ ကျပ်၊ သေးတစ်ပိဿာ ၄၀၀ ကျပ်ဖြင့် ယခင်အပတ်အတိုင်း ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(တရုတ်)အဝင်များခြင်း၊ မြို့တွင်းသုံးစွဲမှု ပုံမှန်ဖြစ်ခြင်းကြောင့် တစ်ပိဿာ ၄၅၀၀ ကျပ် မှ ၄၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ရှမ်းကြက်သွန်ဖြူ အသစ်မဝင်သေးခြင်း၊ လက်ကျန်အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် တစ်ပိဿာ ၁၂၀၀ ကျပ်မှ အကောင်းဆုံး တစ်ပိဿာ ၃၀၀၀ ကျပ် ဈေးဖြင့် ရောင်းဝယ်နေသည်။

## ကြက်သွန်ဖြူ

(မြေပြန့်) မှာ အသစ်မဝင်သေးဘဲ ပစ္စည်းရှားနေပါသည်။ အာလူးဈေးနှုန်းအနေဖြင့် အောင်ပန်းအာလူးများ အဝင်နည်းခြင်းကြောင့် အိုကေတစ်ပိဿာ ၂၂၀၀ ကျပ်၊ အေဝမ်းတစ်ပိဿာ ၁၈၀၀ ကျပ် ဈေးရှိပြီး တရုတ်အာလူးများ အဝင်များပြီး တစ်ပိဿာ ၁၇၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်မှုများနေသည်။

ငရုတ်ခြောက်(ရှည်) တစ်ပိဿာ ၄၅၀၀ ကျပ်၊ အညာကြွေ ၅၅၀၀ ကျပ်၊ ငရုတ်ခြောက်(ပွ) ၈၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်၊ ငရုတ်ခြောက်(လတ်) တစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## သစ်သီးဝလံ



မန္တလေးဈေးကွက်တွင် ယခုအပတ် သခွားမွှေးများ မန္တလေးဝန်းကျင်မှဝင်ရောက်ပြီး အရည်အသွေးပေါ်မူတည်၍ ၅၀၀ ကျပ် မှ ၈၀၀ ကျပ်၊ ဖရဲသခွား (ဈေးကွက်အခေါ်)ဟူခုန်းသီးများ တစ်လုံး ၁၈၀၀ ကျပ်ဖြင့် လက်လီသမား နယ်စုံတင်ပို့ရန်နှင့် ရုံဖန်ရုံခါ မူဆယ် တင်ပို့ရန် ဝယ်ယူမှုရှိသည်။ ယခုအပတ်တွင် မန္တလေးဝန်းကျင်နယ်များမှ ဧီးပန်းသီးများ ဝင်ရောက်ပြီး အလုံးရေ ၁၀၀ နီးပါးရှိသော ဂျပ်ဖာတစ်ခုလျှင် ၈၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ရှာင်ဘက်မှ ထောပတ်သီးများလည်း ပိုက်အိတ်များဖြင့်ထည့်ကာ အသီးအရည်အသွေးပေါ် မူတည်၍ တစ်အိတ် အလုံးကြီးပါက ၇၀ခန့်၊ အလုံးသေးပါက ၁၀၀ ကျော်ခန့် ပါဝင်ပြီး တစ်အိတ်လျှင် ၃၅၀၀၀ ကျပ်မှ ၃၈၀၀၀ ကျပ်ရှိပြီး ကောလင်း၊ မုံရွာသို့ တင်ပို့ကြောင်း သိရသည်။ ယိုးဒယား၊ ပန်းသီးအကြွပ်သီးအိတ်စွပ်များ၊ ဂျပ်ဖာများ၊ ပလတ်စတစ်ခြင်းများ အလုံးသေးပါက ပိုက်အိတ်များဖြင့် လှိုင်လှိုင်ဝင်ရောက်ပြီး အလုံး ၁၀၀ ပါ ပလတ်စတစ်ခြင်း တစ်ခုလျှင် ၁၈၀၀၀ ကျပ် ၊ လိမ္မော်သီး ၁၀၀ ပိဿာ ၁၈၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ ကျပ် ဈေးအသီးသီးဖြင့် အရည်အသွေးပေါ် မူတည်ရောင်းချနေသည်။ ရှာင်၊ သီပေါ နာနတ်သီးများ လှိုင်လှိုင်ဝင်ရောက်ပြီး မြို့တွင်းစားသုံးမှုနှင့် နာနတ်ယိုသမား၊ လက်လီသမား အဝယ်သာရှိ၍ တစ်လုံး ၂၀၀ ကျပ် မှ ၃၀၀ ကျပ်သာရှိပြီး သင်္ဘောသီးအရည်အသွေးကောင်း ရှားခြင်းကြောင့် တစ်လုံး ၆၀၀ ကျပ်ဖြင့် လက်လီသမား ဖျော်ရည်သမား ဝယ်ယူမှုသာရှိကြောင်းသိရသည်။

## ပဲမျိုးစုံ

မန္တလေး ပွဲစားကုန်သည် စက်ပိုင် ကထိန်တော်အသင်းတွင် ပဲမျိုးစုံအနက် မတ်ပဲဈေးနှုန်းမှာ မတ္တရာနှင့် အညာတစ်ခွင်မှ ဝင်ရောက်ပြီး အရည်အသွေးကောင်းခြင်း၊ ရန်ကုန်ဝယ်လက်နှင့် လှောင်သမား အဝယ်သာရှိခြင်းကြောင့် ၆၀ ပိဿာ ၁၂၂၅၀၀ ကျပ်မှ ၁၃၄၀၀၀ ကျပ်သို့ ဈေးမြင့်လာသည်။ ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာလည်း အသစ်များဝင်ရောက်ပြီး အရည်အသွေးကောင်းခြင်း၊ ရန်ကုန်ဝယ်လက်ရှိခြင်း၊ လှောင်သမား ဝယ်ယူမှုရှိခြင်းကြောင့် ပဲစဉ်းငုံ(နီ)၆၀ ပိဿာ ယခင်အပတ် ၁၁၈၀၀၀ ကျပ်မှ ယခုအပတ် ၁၂၆၅၀၀ ကျပ်၊ ပဲစဉ်းငုံ(ဖြူ) ၆၀ ပိဿာ ယခင်အပတ် ၁၀၇၀၀၀ ကျပ်မှ ယခုအပတ် ၁၂၅၅၀၀ ကျပ်သို့ ဈေးမြင့်လာသည်။ ပဲပုတ်(မြန်မာ/ရှမ်း)တို့မှာ ပဲပုတ်(မြန်မာ) အသစ်မဝင်သေးခြင်း၊ ပဲပုတ်(ရှမ်းတောင်) မဝင်သေးခြင်း၊ အနီးဝန်းကျင်မှ ထွက်သော ပဲပုတ်များ အလုနည်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် ပဲပုတ်(မြန်မာ) ၅၃ ဒသမ ၂၅ ပိဿာ ၁၇၂၅၀၀ ကျပ်၊ ပဲပုတ်(ရှမ်း) ၅၃ ဒသမ ၂၅ ပိဿာ ၁၀၁၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကုလားပဲအုပ်စုမှာ လုံးဖြူကြီး ပစ္စည်းရှားခြင်း၊ မြို့တွင်းလုပ်ငန်းသမား အဝယ်နည်းသဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းပြီး ၅၇ဒသမ၂၅ ပိဿာ ၁၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး လုံးဝါကြီးနှင့် ခွဲခြမ်းမှာ စက်သမားဝယ်ယူမှုရှိခြင်းနှင့် အသစ်မဝင်သေးခြင်းကြောင့် ၅၇ဒသမ၂၅ ပိဿာ လုံးဝါကြီး ၁၂၆၀၀၀ ကျပ်သို့လည်းကောင်း၊ ခွဲခြမ်းတစ်ပိဿာ ၃၀၀၀ ကျပ်သို့ ဈေးမြင့်လာသည်။ စစ်ကိုင်း၊ မုံရွာ၊ ကျောက်ပန်းတောင်းတို့မှ ပဲယင်းအသစ်များဝင်ရောက်ပြီး အသစ် ၆၀ ပိဿာ ၁၀၉၀၀၀ ကျပ်၊ အဟောင်း ၆၀ ပိဿာ ၉၇၅၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်အေးနေသည်။ စားတော်ပဲ(ကနေဒါ) ပစ္စည်းရှားခြင်းကြောင့် ၅၉ဒသမ၂၅ ပိဿာ ၁၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး စားတော်ပဲ (ကျွန်း)မှာ အသစ်ဝင်ရောက်ခြင်းကြောင့် ၅၉ဒသမ၂၅ ပိဿာ ၃၀၀၀၀၀ ကျပ်မှ ၂၆၅၀၀၀ ကျပ်သို့ ဈေးနိမ့်နေသည်။ ထောပတ်ပဲ(ကြီး/သေး)၊ ပဲကြီး(ကြီး/သေး)တို့မှာ အသစ်အဝင်နည်းသေးခြင်း၊ လက်ကျန်နည်းခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ပဲကြီး(ကြီး) ၅၅ဒသမ ၂၅ ပိဿာ ၂၅၅၀၀၀ ကျပ်၊ ပဲကြီး(သေး) ၂၂၂၅၀၀ ကျပ်၊ ထောပတ်ပဲ(ကြီး) ၅၆ ဒသမ ၂၅ ပိဿာ ၁၂၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပါသည်။ ပဲတီစိမ်း(အညာ)မှာ ဆီအုန်းစိုက်ခင်းများတွင်း ပြန်စိုက်သောအခင်းများမှ ထွက်သဖြင့် အလုနည်းကာ အရည်အသွေးပေါ်မူတည်၍ ၅၆ဒသမ၂၅ ပိဿာ ၁၁၈၀၀၀ ကျပ်မှ ၁၂၅၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ပဲလွန်းဖြူမှာ အသစ်မဝင်သော်လည်း အဝင်နည်းခြင်း၊ တရုတ်ဝယ်လက်ရှိခြင်း၊ လှောင်သမား အဝယ်ရှိခြင်းကြောင့် ၆၀ ပိဿာ ၁၁၄၀၀၀ ကျပ်မှ ၁၂၂၆၆၀ ကျပ်သို့ ဈေးမြင့်လာကြောင်း သိရသည်။

## ဟင်းသီးဟင်းရွက်

ဟင်းသီးဟင်းရွက် ရောင်းဝယ်မှုအနေဖြင့် အောင်ပန်းဂေါ်ဖီထုပ်များ အရည်အသွေးပေါ်မူတည်၍ ၈၀၀ ကျပ်မှ ၁၂၀၀ ကျပ်ဖြင့်ရောင်းဝယ်နေသည်။ ပန်းမုံလာနှစ်မျိုးယှဉ်ပြိုင်ဝင်ရောက်ပြီး အောင်ပန်းမှဝင်ရောက်သော ပန်းမုံလာအရွယ်ငယ်သဖြင့် ၅၀၀ ကျပ်၊ မြင်းခြံ၊ ရေဦးပန်းမုံလာမြေပြန့်မှာ အရည်အသွေးကောင်း၊ အပွင့်ကြီးသဖြင့် တစ်ပွင့် ၈၀၀ ကျပ် ဈေးရှိသည်။ ဘိုစားပဲသီးများ အဝင်များလာခြင်းကြောင့် တစ်ပိဿာ ၁၈၀၀ ကျပ်မှ ၁၂၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ မုံလာဥနီများ ပြင်ဦးလွင်မှအထွက်များ၊ အဝင်များပြီး ရာသီဥတုကြောင့် အရည်အသွေးကွာခြားမှုရှိသဖြင့် အကောင်းဆုံး တစ်ပိဿာ ၁၅၀၀ ကျပ်မှ အညံ့ဆုံး တစ်ပိဿာ ၉၀၀ ကျပ် ဈေးဖြင့် ရောင်းဝယ်နေသည်။ ကိုင်းကျွန်းဘက်မှ ထိုင်ဝမ်ပြောင်းနှင့် ရှမ်းပြောင်းများ ယှဉ်ပြိုင်ဝင်ရောက်ပြီး ထိုင်ဝမ်ပြောင်း ၁၀၀ ဖူးလျှင် အရည်အသွေးပေါ်မူတည်၍ ပျမ်းမျှ ၁၅၀၀၀ ကျပ်၊ ရှမ်းပြောင်း ၁၀ဖူး ၁၆၀၀၀ ကျပ်ဈေးဖြင့် ရောင်းဝယ်မှုရှိသည်။ ငရုတ်စိုရှည်)များမုံရွာ၊ ချောင်းဦးမှ အဝင်များသဖြင့် တစ်ပိဿာ ၁၀၀၀ ကျပ်၊ လတ်တစ်ပိဿာ ၁၅၀၀ ကျပ်၊ ကျောက်ဆည်ငရုတ်ပွ တစ်ပိဿာ ၁၂၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး မြို့တွင်းငပိထောင်း၊ လက်ဘက်လုပ်ငန်းသမားနှင့် ၁၇ ပိဿာ ဝင်ခြင်းများဖြင့် ရုံဖန်ရုံခါ ဗန်းမော်သို့ တင်ပို့မှုရှိကြောင်း သိရသည်။

**ခင်မေကြည်**

# သွင်းအားစုဈေးနှုန်းများ (၁၂-၁-၂၀၂၂)

Source: ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စိုက်ပျိုးရေးဦးစီးဌာန

| စဉ် | | အမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | မကွေး | ဧရာဝတီ | ပဲခူး | ကချင် | ကယား | ရှမ်း (တောင်) | ရှမ်း (ရှေ့) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရေတွက်ပုံ | တစ်ယူနစ်ပမာဏ | | | | | | | | | | | |
| (က) | | **ခတ်မြေဩဇာ** | | | | | | | | | | | | | |
| ၁ | | **ယူရီးယား** | အိတ် | ၅၀ ကီလို | | | | | | | | | | | |
| | ၁ | မြင်းပျံ | ။ | ။ | ၈၅၀၀၀ | ၈၀၀၀၀ | ၇၄၀၀၀ | ၆၉၀၀၀ | ၇၂၀၀၀ | ၈၂၀၀၀ | ၆၅၀၀၀ | ၈၀၀၀၀ | | ၇၅၀၀၀ | |
| | ၂ | ရွှေတောင် | ။ | ။ | ၇၉၀၀၀ | ၈၁၀၀၀ | ၇၅၇၀၀ | ၇၀၀၀၀ | | ၇၉၀၀၀ | ၆၃၀၀၀ | ၈၀၀၀၀ | ၈၅၀၀၀ | ၇၅၀၀၀ | |
| | ၃ | ဩဘာ/ကောမက် | ။ | ။ | ၈၀၀၀၀ | ၈၂၀၀၀ | ၇၄၀၀၀ | ၇၂၀၀၀ | ၇၂၀၀၀ | ၈၁၀၀၀ | ၆၄၀၀၀ | ၈၀၀၀၀ | | ၇၅၀၀၀ | |
| | ၄ | ရွှေနဂါး | ။ | ။ | ၇၈၀၀၀ | ၈၀၀၀၀ | | ၇၀၀၀၀ | ၆၈၀၀၀ | ၈၃၀၀၀ | ၆၃၀၀၀ | ၇၅၀၀၀ | | | ၆၀၀၀၀ |
| | ၅ | ဝိစာရ | ။ | ။ | ၇၅၀၀၀ | ၈၉၀၀၀ | ၇၁၀၀၀ | ၇၂၀၀၀ | | | ၆၂၀၀၀ | ၇၅၀၀၀ | | ၇၅၀၀၀ | ၇၀၀၀၀ |
| ၂ | | **တီစူပါ** | အိတ် | ၅၀ ကီလို | | | | | | | | | | | |
| | ၁ | သံကွင်း | ။ | ။ | ၆၅၀၀၀ | ၈၀၀၀၀ | ၆၁၈၀၀ | ၅၃၀၀၀ | ၆၀၀၀၀ | ၆၃၀၀၀ | ၅၈၀၀၀ | ၇၅၀၀၀ | ၇၀၀၀၀ | ၆၂၀၀၀ | |
| | ၂ | အာမို | ။ | ။ | | ၈၀၀၀၀ | ၆၀၀၀၀ | ၅၁၀၀၀ | ၆၀၀၀၀ | ၇၅၀၀၀ | ၅၆၀၀၀ | | | ၇၅၀၀၀ | |
| | ၃ | ဩဘာ/ကောမက် | ။ | ။ | ၇၉၃၀၀ | ၈၃၀၀၀ | ၆၃၅၀၀ | ၅၅၀၀၀ | ၅၉၀၀၀ | | ၅၇၀၀၀ | | | ၇၅၀၀၀ | |
| | ၄ | ဝိစာရ | ။ | ။ | | ၇၉၅၀၀ | ၆၁၅၀၀ | ၅၄၀၀၀ | | | | | | | |
| ၃ | | **ဗိုတက်** | အိတ် | ၅၀ ကီလို | | | | | | | | | | | |
| | ၁ | မာကိုတာ | ။ | ။ | ၇၁၀၀၀ | ၈၉၅၀၀ | ၆၆၅၀၀ | ၆၅၀၀၀ | ၇၂၀၀၀ | | ၆၀၀၀၀ | | | ၇၃၀၀၀ | |
| | ၂ | ဝိစာရ | ။ | ။ | | ၈၈၀၀၀ | ၆၄၅၀၀ | ၆၄၀၀၀ | | | ၆၀၀၀၀ | | | | |
| | ၃ | အာမို | အိတ် | ၅၀ ကီလို | ၈၃၀၀၀ | ၉၁၀၀၀ | ၇၁၃၀၀ | ၆၂၀၀၀ | ၆၀၀၀၀ | ၈၁၀၀၀ | ၆၄၀၀၀ | | | ၇၂၀၀၀ | |
| | ၄ | ဩဘာ | ။ | ။ | | ၈၅၀၀၀ | ၆၇၅၀၀ | ၆၅၀၀၀ | | | ၆၂၀၀၀ | | ၈၀၀၀၀ | | |
| ၄ | | **ကွန်ပေါင်း** | အိတ် | ၅၀ ကီလို | | | | | | | | | | | |
| | ၁ | ဩဘာ/ကောမက် | ။ | ။ | ၇၅၀၀၀ | ၉၂၀၀၀ | ၇၆၀၀၀ | ၆၅၀၀၀ | ၇၂၀၀၀ | ၇၅၀၀၀ | ၆၀၀၀၀ | ၇၅၀၀၀ | | ၇၇၀၀၀ | |
| | ၂ | အာမို | ။ | ။ | ၇၈၀၀၀ | ၈၉၀၀၀ | ၈၀၀၀၀ | ၇၃၀၀၀ | ၆၈၅၀၀ | ၇၅၀၀၀ | ၇၀၀၀၀ | ၈၅၀၀၀ | ၇၅၀၀၀ | ၇၅၀၀၀ | |
| | ၃ | ဝိစာရ | ။ | ။ | ၇၅၀၀၀ | ၉၀၇၅၀ | ၇၅၀၀၀ | ၇၀၀၀၀ | | | ၆၅၀၀၀ | ၈၅၀၀၀ | | ၇၅၇၀၀ | |
| | ၄ | ရွှေနဂါး | ။ | ။ | | ၇၈၀၀၀ | ၇၅၀၀၀ | ၇၃၀၀၀ | | | ၆၇၀၀၀ | ၈၀၀၀၀ | | | ၆၀၀၀၀ |
| | ၅ | သံကွင်း | ။ | ။ | | ၇၈၀၀၀ | ၇၀၀၀၀ | ၇၅၀၀၀ | | ၆၉၀၀၀ | ၆၆၀၀၀ | ၈၅၀၀၀ | | ၇၀၀၀၀ | |
| ၅ | | **ဂျစ်ပဆန်** | အိတ် | ၂၅ ကီလို | | | | | | | | | | | |
| | ၁ | ဩဘာ/ကောမက် | ။ | ။ | ၇၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၉၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၂၀၀၀ | | ၆၃၀၀ | |
| | ၂ | အာမို | ။ | ။ | ၆၅၀၀ | ၆၈၀၀ | ၈၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | | ၇၀၀၀ | | | ၆၅၀၀ | |
| ၆ | | **ရွက်ဖျန်းမြေဩဇာ** | | | | | | | | | | | | | |
| | ၁ | ဩဘာ/ကောမက် | ဖူး | ၅၀၀ စီစီ | ၁၃၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၅၀၀၀ | | ၇၀၀၀ | ၁၃၅၀၀ | ၆၀၀၀ | | ၅၂၀၀ | |
| | ၂ | အာမို | ထုပ် | ၅၀၀ ဂရမ် | ၅၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၄၅၀၀ | | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | |
| | ၃ | k တော့ပ်နစ် | | | ၉၀၀ | ၈၀၀၀ | | ၅၅၀၀ | | | ၃၅၀၀ | ၈၀၀ | | | |
| (ခ) | | **ပိုးသတ်ဆေး** | | | | | | | | | | | | | |
| | ၁ | ဆိုင်ကလုန်း | ဖူး | ၅၀၀ စီစီ | ၁၃၀၀၀ | ၁၃၀၀၀ | | ၁၃၅၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | | ၁၅၀၀၀ | ၈၅၀၀ |
| | ၂ | တင်းရှန့် | ဖူး | ၅၀၀ စီစီ | ၁၃၀၀၀ | ၉၀၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၉၅၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | | ၁၅၀၀၀ | |
| | ၃ | ဒါနာဒင် | ဖူး | ၅၀၀ စီစီ | ၁၄၃၀၀ | ၁၄၃၀၀ | ၁၄၅၀၀ | ၁၂၀၀၀ | | ၁၃၀၀၀ | ၁၄၃၀၀ | ၁၃၅၀၀ | | ၁၄၅၀၀ | |
| | ၄ | ဖိုင်းယား | ဖူး | ၅၀၀ စီစီ | ၁၉၅၀၀ | ၁၉၅၀၀ | | ၁၃၅၀၀ | ၁၉၅၀၀ | ၁၇၉၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | |
| | ၅ | ဖျူရီ | ဖူး | ၅၀၀ စီစီ | | ၂၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၁၀၀၀ | | ၁၀၄၀၀ | | | | |
| | ၆ | ဘက်တား | ထုပ် | ၂၅၀ ဂရမ် | ၁၆၆၀၀ | ၁၅၇၀၀ | ၁၆၅၀၀ | ၁၆၆၀၀ | ၁၆၅၀၀ | ၁၄၂၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | | ၁၆၀၀၀ | |
| (ဂ) | | **မှိုသတ်ဆေး** | | | | | | | | | | | | | |
| | ၁ | ကာဆူမင် | ဖူး | ၁၀၀ စီစီ | ၄၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၆၀၀ | ၄၀၀၀ | | ၃၆၀၀ | ၃၀၀၀ | | ၆၀၀၀ | ၁၀၀၀၀ |
| | ၂ | ဆင်နာဂျီ | ထုပ် | ၅၀၀ ဂရမ် | ၁၈၂၀၀ | ၁၈၂၀၀ | ၁၄၅၀၀ | ၁၈၂၀၀ | ၁၈၂၀၀ | | ၁၈၂၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | |
| | ၃ | မန်ကိုဇက် | ထုပ် | ၅၀၀ ဂရမ် | ၁၀၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၉၈၀၀ | ၅၀၀၀ | | ၇၅၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၁၁၀၀၀ | |
| | ၄ | ယူနတီ | ဖူး | ၅၀၀ စီစီ | ၄၉၇၀၀ | ၅၂၀၀၀ | ၃၃၀၀၀ | | ၄၉၇၀၀ | ၄၄၀၀၀ | ၄၉၇၀၀ | ၆၀၀၀၀ | | | |
| | ၅ | ဟက်ဇာဝွန်/ဟက်ဇာကိုနားဇိုး | ဖူး | ၅၀၀ စီစီ | ၁၃၇၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | | ၁၁၂၀၀ | ၁၃၂၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | |
| | ၆ | အာမိုခရောင်း | ထုပ် | ၁၀၀ ဂရမ် | ၄၀၀၀ | | | ၄၀၀၀ | | | ၃၀၀၀ | | ၃၅၀၀ | ၄၀၀၀ | |
| (ဃ) | | **ပေါင်းသတ်ဆေး** | | | | | | | | | | | | | |
| | ၁ | ကွန်ပလီ | ထုပ် | ၅၀၀ ဂရမ် | ၂၇၀၀ | ၁၇၀၀၀ | ၈၀၀၀ | ၂၇၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၃၅၀၀ | | ၂၅၀၀၀ | ၁၅၀၀၀ | |
| | ၂ | ဂလိုင်ဖိုဆိတ်/ပေါင်းကေလာ | ဖူး | ၁ လီတာ | ၁၁၈၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၂၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀၀ |
| | ၃ | ဂျင်နရယ် | ဖူး | ၁ လီတာ | ၁၂၀၀ | ၄၂၀၀၀ | ၈၀၀၀ | ၃၂၀၀၀ | | | ၁၀၀၀ | | ၈၀၀၀ | ၁၂၀၀၀ | |
| | ၄ | ဓောင်းထက် (40wp) | ထုပ် | ၂၅၀ ဂရမ် | | | | ၄၃၀၀ | ၃၅၀၀ | | ၃၀၀၀ | | ၃၅၀၀ | ၁၁၀၀၀ | |
| | ၅ | ဖော်ကျွန်း | ဖူး | ၅၀၀ စီစီ | ၁၆၀၀၀ | ၁၅၅၀၀ | ၁၈၀၀ | ၂၈၀၀၀ | ၁၅၀၀၀ | | ၁၅၀၀၀ | ၁၆၅၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | |
| | ၆ | မက်ဖိုက်တာ | ထုပ် | ၁၀၀ ဂရမ် | | ၁၅၀၀၀ | ၁၇၀၀ | ၅၄၀၀ | | | ၁၆၀၀၀ | | | | |
| | ၇ | ဝိစာရ | ဖူး | ၂၅၀ စီစီ | | | ၁၅၀၀၀ | ၁၃၀၀၀ | | | ၁၈၀၀၀ | | ၁၁၀၀၀ | ၈၅၀၀ | |
| (င) | | **ဟော်မုန်း** | | | | | | | | | | | | | |
| | ၁ | ဂရိုးဩ | ထုပ် | ၁၀ စီစီ | ၁၀၀၀ | ၇၀၀ | ၁၅၀၀ | ၉၀၀ | ၁၅၀၀ | ၇၀၀ | ၉၀၀ | ၁၀၀၀ | ၇၅၀ | | |
| | ၂ | ဖာတီစတက် | ဖူး | ၁၀၀ စီစီ | | ၃၅၀၀ | ၄၀၀၀ | ၄၂၀၀ | | | ၃၀၀၀ | | ၃၅၀၀ | ၃၀၀၀ | |
| | ၃ | မော်ရယ်မုန်း/လစ်တိုဇင် | ဖူး | ၅၀၀ စီစီ | ၄၇၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၇၄၀၀ | ၁၇၄၀၀ | ၉၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | |
| | ၄ | အာမို | ဖူး | ၅၀၀ စီစီ | ၁၉၈၀၀ | ၁၄၀၀၀ | ၁၅၃၀၀ | ၁၄၀၀၀ | ၁၇၅၀၀ | | ၉၀၀၀ | ၇၅၀၀ | | | |
| | ၅ | GA3 | ထုပ် | ၁၀ ဂရမ် | ၁၆၀၀ | ၁၅၀၀ | ၁၅၀၀ | | | | ၁၅၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၇၀၀ | |

# ငရုတ်ကောင်းနှင့် သစ်မာ နှစ်သီးစားစိုက်ခင်း



ငရုတ်ကောင်းပင်ကို သစ်မာစိုက်ခင်းများဖြင့် နှစ်သီးစားတွဲဖက်စိုက်ပျိုးပါက အကျိုးထူးနိုင်ကြောင်း စိုက်ပျိုးရေး ကျွမ်းကျင်သူများက ဆိုသည်။

“အခုဆိုရင် မြန်မာနိုင်ငံအတွင်းမှာ သစ်မာစိုက်ခင်းတွေအများကြီးရှိနေတယ်။ ဒီလိုသစ်မာစိုက်ခင်းတွေမှာ ငရုတ်ကောင်းပင်ကိုတွယ်ကပ်ပင်အဖြစ် စိုက်ပျိုးကြမယ်ဆိုရင် နှစ်သီးစားလို့ ရမယ့်အပြင် ပထမတန်းစား စိုက်ပျိုးရေးလုပ်ငန်းတစ်ခုလည်း ဖြစ်သွားမယ်။ ငရုတ်ကောင်းပင်ကို ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ ယမနေပင်၊ မန်ကျည်းရှားပင်တွေရဲ့ ပင်စည်မှာ တွယ်ကပ်စိုက်ပျိုးလို့ရတယ်။ သစ်မာ စိုက်ခင်းကနေ သစ်လုံးကြီးအရွယ်အထိ မကြီးထွားသေးခင် စောင့်ဆိုင်းနေချိန်မှာ ငရုတ်ကောင်းပင်ကနေတစ်ဆင့် ဝင်ငွေရနိုင်ပြီ၊ သစ်မာစိုက်ခင်းကို ခုတ်ရောင်းလို့ရတဲ့အချိန်မှာတော့ ငရုတ်ကောင်းပင်ကလည်း သူ့သက်တမ်းအလိုက် ရသင့်ရထိုက်တဲ့ ဝင်ငွေတွေ ရှာပေးပြီး ဖြစ်နေပြီ။ တွဲဖက်စိုက်ပျိုးမယ်ဆိုရင် အင်မတန်အကျိုးထူးမယ်လို့ မြင်ပါတယ်” ဟု KKO-Pepper ငရုတ်ကောင်း စိုက်ပျိုးထုတ်လုပ်ရေးမှ စီမံအုပ်ချုပ်သူ ဦးအောင်ဆန်းဦးကပြောသည်။

ပြည်ပမှ ငရုတ်ကောင်း Import တင်သွင်းနေမှုများကို လျော့နည်းစေရန် ပြည်တွင်း၌ ငရုတ်ကောင်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

**စာ – ၆ ကော်ဖီစီးပွား မှ**

ခါးတဲ့ကော်ဖီထုတ်လုပ်နိုင်တဲ့နိုင်ငံများဟာ ထူးခြားသောဈေးကွက်ပိုင်ဆိုင်နေကြပါတယ်။

ကော်ဖီပင်စိုက်ပျိုးပြီး သုံးနှစ်ကြာလျှင် ကော်ဖီပင်မှ အပွင့်ပွင့်လာပြီ။ သုံးနှစ်မှငါးနှစ်အသီးရလာပြီ။ ကော်ဖီချယ်ရီသီးဟုခေါ်သော နီရဲရဲမှည့်သောကော်ဖီသီးကို တစ်နှစ်နှစ်ကြိမ်မှ သုံးကြိမ်ခူးကြရပါတယ်။ ချယ်ရီဆိုတဲ့ အတိုင်း (စိမ်း၊ ဝါ၊ နီ၊ ချယ်ရီ)အသီးမှ အစေ့ထုတ်ယူရာမှာ အချိန်မကြာမှ တစ်ရက်တည်းနဲ့ပြုလုပ်နိုင်လျှင် ပိုကောင်းပါတယ်။ အခွံချွတ်၊ အသားထုတ်စင်တင် အခြောက်လှမ်းပြီး ကော်ဖီအစိမ်းစေ့ရရှိတယ်။ ပြီးရင် အစေ့လှော်၊ ထွက်လာတဲ့ အနံ့ကို ကျွမ်းကျင်သူမှ ခွဲခြားတယ်။ အပူပေးချိန်ကာလကြာမြင့်မှုကလည်း နည်းပညာရှိမှ ကော်ဖီစေ့ထဲမှာပါရှိတဲ့ ဓာတ်တွေက ကော်ဖီစေ့မျက်နှာပြင်ရောက်လာပြီး ကော်ဖီစေ့ကထွက်လာတဲ့အသံ၊ ထွက်လာတဲ့ရနံ့တွေ မှန်အောင်ပြုလုပ်ရတဲ့အဆင့်တွေဟာ ကော်ဖီကောင်းတစ်ခွက်ရဲ့ အစပျိုးလုပ်ငန်းတွေဖြစ်ပါတယ်။ လှော်ပြီးအအေးခံ၊ နေ၊ ရေ၊ လေမထိအောင် လေလုံပိတ်ထည့်၊ လှော်ပြီးသုံးရက်ကြာမှာရတဲ့ ကော်ဖီမှုန့်နဲ့ ဖျော်သောက်ရင် အကောင်းဆုံးအနံ့အရသာရတယ်လို့ ဆိုထားကြပါတယ်။

စာပေမှတ်တမ်းများအရ မြန်မာနိုင်ငံမှာ ကော်ဖီစတင်စိုက်ပျိုးခဲ့တာက ၁၈၈၅ ခုနှစ်။ စိုက်ခဲ့တဲ့ဒေသကမြိတ်နဲ့ထားဝယ်။ ဒါပေမယ့် နာမည်ရတိုးချဲ့လာတာမရှိခဲ့ဘဲ ကရင်ပြည်နယ် သံတောင်မှာစိုက်ခဲ့တဲ့ ရိဘတ်စတာ ကော်ဖီစိုက်ခင်းတွေက ယခုတိုင်အောင်မြင်ပြီး တိုးချဲ့လာနိုင်ခဲ့တယ်။ ၁၉၃၀ မှာ ရှမ်းပြည်တောင်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေ၊ ပြင်ဦးလွင်မှာ အာရေဗီကာကော်ဖီစိုက်ပျိုးခဲ့ကြပြီလို့ ဖော်ပြထားတာတွေရှိခဲ့သလို ၁၈၅၂ ခုနှစ်မှာကတည်းက တောင်ငူနဲ့သံတောင်ကြားမှာ ကော်ဖီစိုက်ခဲ့ပြီလို့ ဖော်ပြထားတာလည်း တွေ့ရပါတယ်။

ကော်ဖီဆိုရင် ပြင်ဦးလွင်နဲ့နောင်ချိုကို သိကြသလို ဒီဘက်ကာလမှာတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၄၀၈၀ မှာရှိတဲ့ ရွာငံက ကော်ဖီသည် ကမ္ဘာ့ဈေးကွက်ဝင်ဖြစ်ပါတယ်။ GAP စနစ်နဲ့ ထုတ်လုပ်တဲ့ စံချိန်မီကော်ဖီစိုက်ပျိုးပြီး ပြည်ပတင်ပို့ရောင်းချနေပါပြီ။ ရွာငံဒေသသည် ကျေးရွာများ၌ ခြံဝင်းများတွင် ထောပတ်ပင်၊ ပိန္နဲပင်၊ တညင်းပင်များအရိပ်အောက်တွင် သဘာဝမြေဩဇာဖြင့် ကော်ဖီပင်စိုက်ပျိုးကြတဲ့ အလေ့အထရှိခဲ့တဲ့ ဒေသဖြစ်ပါတယ်။

ရွာငံကော်ဖီဟာ ကမ္ဘာ့အဆင့် သတ်မှတ်ချက် ၈၃ ဒသမ ၇ မှတ်ရှိသည်ဟု သိရပါတယ်။ အာရေဗီကားကော်ဖီမျိုးပေါင်းရာချီ၍ ကမ္ဘာတွင်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အာရေဗီကားမျိုး ၂၆ မျိုး၊ ရိဘတ်စတာ ရှစ်မျိုးရှိတယ်လို့ မှတ်တမ်းပြုထားကြောင်း ရှမ်း၊ ကယား၊ ကချင်၊ ကရင်၊ ချင်းပြည်နယ်များ၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ကော်ဖီစိုက်ပျိုးထားကြကြောင်း ဧရာဝတီတိုင်းဒေသကြီး ငပုတောနှင့် ငွေဆောင်တစ်ဝိုင်အပြင် မော်တင်စွန်းသွားသည့် ကားလမ်းဘေးမှကျေးရွာများတွင် ကော်ဖီစိုက်ပျိုးကြသောတောင်သူများရှိနေကြပါပြီ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီမျိုးကောင်းမျိုးသန့် ပျိုးပင်များကို ပွေးတောင်၊ ဒိုးကွင်၊ ချောင်းကွေ့၊ ဘန့်ဘွေး၊ တေးဇန်၊ လိပ်သို၊ နတ်ရေကန်၊ ရွာငံ၊ ရွှေကြာအင်း၊ မိုးကုတ်မျိုးသန့်ခြံများမှ စိုက်ပျိုးသူတောင်သူများဖြန့်ပေးကြောင်း သိရပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း နေပြည်တော်မှာ ကော်ဖီကဏ္ဍဖွံ့ဖြိုးဖို့ “ကော်ဖီဖိုရမ်” ကျင်းပခဲ့ကြပါတယ်။ တန်းမြင့်ကော်ဖီရရှိဖို့ ပုဂ္ဂလိကပိုင်းကလည်း ပြည်ပကျွမ်းကျင်ကော်ဖီပညာရှင်များနဲ့ ဆောင်ရွက်မှုလည်းရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ ကော်ဖီစိုက်ပျိုးမှုမှာ ဧကအများဆုံးက ရှမ်းပြည်နယ် ဖြစ်ပါတယ်။ စိုက်ဧကသုံးသောင်းကျော် ရှိပါတယ်။ ၂၀၀၄ ခုနှစ်က ပြင်ဦးလွင်နဲ့နောင်ချိုမှာ ကော်ဖီစိုက်ဧက တစ်သိန်းဖြစ်လာဖို့ ဆောင်ရွက်ခဲ့ကြဖူးပါတယ်။ ပျိုးပင်တွေဖြန့်၊ စိုက်ခင်းသစ်တွေ ဖော်ခဲ့လုပ်ခဲ့ကြတာ မှတ်မိနေပါသေးတယ်။

မြန်မာနိုင်ငံရဲ့ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဈေးကွက်စီးပွားရေးမှာ ပုဂ္ဂလိကပိုင်းက ပိုအဓိကကျနေပါတယ်။ ပုဂ္ဂလိကပိုင်းက အားကောင်းရင်ကောင်းသလောက် ကော်ဖီအသင်းအဖွဲ့များရဲ့ အားကောင်းရင်ကောင်းသလောက် အစိုးရပိုင်းရဲ့ ကူညီပံ့ပိုးမှုနဲ့ကောင်းလာမှာဖြစ်ပါတယ်လို့ သုံးသပ်ကြပါတယ်။ ချင်းပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီးထဲက ငဖဲမြို့နယ် တောင်ပေါ်ဒေသ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၈၁၉ မှာရှိတဲ့ နတ်ရေကန်ဒေသနဲ့ ကရင်ပြည်နယ်ထဲက ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀၀ ကျော်မှာရှိတဲ့ သံတောင်ဒေသတို့ဟာ ကော်ဖီကို တစ်အုပ်တမ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာနိုင်ကြတယ်။ ကမ္ဘာ့ကုန်သွယ်မှုဈေးကွက်ဝင် အဆင့်မြင့်ကော်ဖီထွက်ရှိမည့်ဒေသများဖြစ်နေပါတယ်။ ကော်ဖီအစုအဖွဲ့လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကအပိုင်းတို့ဟာ ကော်ဖီပင်မှ ကော်ဖီမှုန့်တစ်မျိုးတည်းသာမက ပြည်တွင်းမှာ ကော်ဖီမှ မုန့်မျိုးစုံ၊ ကိတ်မျိုးစုံ၊ ဝိုင်မျိုးစုံထုတ်လုပ်နေကြပါပြီ။ ရောင်းကုန်မျိုးစုံဈေးကွက်ရှိနေသော ကော်ဖီကောင်း စိုက်ပျိုးထုတ်လုပ်နိုင်သည့်ရေမြေရှိသောနိုင်ငံ ဖြစ်ပါတယ်။ ကော်ဖီမှ အခွင့်အလမ်းကောင်းများစွာ ရရှိနိုင်ပါတယ်။ ကမ္ဘာ့နိုင်ငံများစွာ ကော်ဖီသောက်သုံးမှုများလာခြင်း၊ ကမ္ဘာ့ကော်ဖီဈေးကွက်ကြီးတစ်ခု ပိုင်ဆိုင်တဲ့ အီးယူနိုင်ငံများရဲ့ မြန်မာ့ကော်ဖီ ဝယ်ယူမှုရှိလာခြင်းတို့ဟာ ကော်ဖီတိုးချဲ့စိုက်ပျိုးလိုသူများအတွက် အားတက်စရာ ကော်ဖီစီးပွားဖြစ်နေပါတော့တယ်။ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ရောက်အောင် ပုဂ္ဂလိကကော်ဖီစိုက်ပျိုးထုတ်လုပ်သူများက စွမ်းဆောင်ပေးနိုင်ခဲ့ကြပါတယ်။ သိခဲ့ရတဲ့ ကော်ဖီစီးပွားမှာ “တောင်ငူအရှေ့ဘက် သံတောင်ဒေသတွင် ကော်ဖီကို စတင်စိုက်ပျိုးသူမှာ အင်္ဂလိပ်လူမျိုး (မစ္စတာပတ်လေ) Mr Pattley ဖြစ်ပါတယ်။ မြန်မာတို့က အသံထွက်လွယ်အောင် မစ္စတာ ပက်ကလိဟု သုံးနှုန်းခေါ်ဝေါ်ကြပါတယ်။ မစ္စတာ ပက်ကလိထုတ်လုပ်သောကော်ဖီမှုန့် အမှတ်တံဆိပ်မှာ မီးရထားစက်ခေါင်းတံဆိပ် ဖြစ်ပါတယ်။ စက္ကူအိတ်နှင့်ရော၊ သံဘူးနှင့်ပါထုတ်၍ မြန်မာပြည်တွင်းသာမက နိုင်ငံခြားတိုင်းပြည်များသို့ပါ တင်ပို့ကြောင်း သိရပါတယ်။ နောက်ပိုင်းတွင် မြေးသမက်ဖြစ်သူ မစ္စတာမာတင်က “မာတင်ကော်ဖီ” ဟူ၍လည်း အောင်မြင်စွာ ထုတ်လုပ်ခဲ့ကြောင်း သိရပါတယ်။ ဒုတိယ ကမ္ဘာစစ်အတွင်းတွင် နိုင်ငံခြားမှ ကော်ဖီမှုန့်များလည်း မရောက်တော့သဖြင့် ရန်ကုန် ကော်ဖီမှုန့်ဈေးကွက်ကို တောင်ငူက ရလိုက်ပါတယ်။ ပြင်ဦးလွင်၊ အောင်ပန်းတို့မှ ကော်ဖီထွက်နေပြီဖြစ်သော်လည်း တောင်ငူက ရန်ကုန်နှင့် ပိုနီး၍လည်းကောင်း၊ အရည်အသွေးလည်း ပိုကောင်း၍လည်းကောင်း၊ ပို၍ ဈေးကွက်ရပါတယ်။ ဂျပန်ခေတ်တွင် ရန်ကုန်သို့ ကော်ဖီမှုန့်တင်ပို့သူများထဲတွင် ဒေါ်မကြီးနှင့် ပဒေသာ ကော်ဖီ၊ ဒေါ်လုံးတို့သည် တွင်တွင်ကျယ်ကျယ် ပို့နိုင်သူများ ဖြစ်ကြပါတယ်။ စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ်။ ထို့နောက်ပိုင်းခေတ်များတွင် မြန်မာပြင်၌ ရွှေခြင်္သေ့ ကော်ဖီနှင့် ဘီတီဘရာသားကော်ဖီမှုန့်တို့ ခေတ်စားလာကြပါတယ်။

ထိုခေတ်က သမ္မတအိမ်တော်သို့ ကော်ဖီမှုန့်ပို့နိုင်ခြင်းဟာ ကော်ဖီကောင်းကြောင်း သင်္ကေတတစ်ခုဖြစ်သဖြင့် ဘီတီဘရားသားကော်ဖီက ထိုအခွင့်အရေးကိုရရှိထားတာကြောင့် ကော်ဖီဘူးများတွင် အိမ်တော်တံဆိပ်နှင့်အတူ သမ္မတအိမ်တော်သို့ ကော်ဖီမှုန့် တင်သွင်းခွင့်ရကြောင်း စာတမ်းပါ ရိုက်နှိပ်ပါရှိခဲ့ပါတယ်။

၁၉၆၃ ခုနှစ်တွင် ထိုကော်ဖီလုပ်ငန်းနှစ်ခုစလုံး ပြည်သူပိုင်အသိမ်းခံရပြီး ကော်ဖီမှုန့်အရည်အသွေးပါကျသွားလို့ ရန်ကုန်ဈေးကွက်သို့ ပဒေသာကော်ဖီ တွင်တွင်ကျယ်ကျယ်ဝင်ရောက်ခဲ့ပါတယ်။ ၁၉၆၅ မှ ၁၉၈၂ ခုနှစ် နှစ် ၂၀ ခန့်အထိ သမ္မတအိမ်တော်သို့ ကော်ဖီမှုန့်ပေးသွင်းခွင့်ကို တောင်ငူပဒေသာကော်ဖီက ရရှိခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်တွင် ပဒေသာကော်ဖီလုပ်ငန်းရှင် ဒေါ်လုံးသည် ဂျပန်နိုင်ငံသို့ ကော်ဖီလုပ်ငန်းလေ့လာရန် သုံးလကြာသွားရောက်ခဲ့ပါတယ်။

**(မြန်မာ့အသံ ကျော်ဦးရေးသားသည့် တောင်ငူအကြောင်း စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)**

**ဘုန်းမြတ်**

# တောင်ကြီး အသားစားနွားမွေးမြူရေး သုံးနှစ်စီမံကိန်း



တစ်ပိုင်တစ်နိုင် အသားစားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် သုံးနှစ်စီမံကိန်းဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် အသုံးတော်ကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနထံမှ သိရသည်။

ထိုစီမံကိန်းကို တောင်ကြီးမြို့နယ်ရှိ အသုံးတော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသနွားမ ၂၀၀ နှင့်အထက် မွေးမြူသော ပုန်းတန်၊ နမ်းကွပ်ရွာ၊ မိုင်းလုံရွာနှင့် ဆမ်ဆိုင်ကျေးရွာတို့မှ မွေးမြူရေးတောင်သူများအား နည်းပညာပေးခြင်း၊ မေထုန်မဲ့သားစပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးကာ အသားစားနွားမျိုးများ မွေးမြူမှုဖွံ့ဖြိုးလာစေရန် ပုန်းတန်ကျေးရွာကို ဗဟိုပြု၍ ငါးမိုင်ပတ်လည်ဧရိယာအား တစ်ယူနစ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဒေသတွင် မိရိုးဖလာလွတ်ကျောင်းစနစ်ဖြင့် ဒေသနွားမွေးမြူမှုမှာ သာမန်ထက် ဖွံ့ဖြိုးသောကျေးရွာဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့်သာ အဓိကစီးပွားဖြစ်ထွန်းသော ကျေးရွာများဖြစ်သည်။ ဒေသနွားများမှာ ရှမ်းပု၊ ရွှေနီနှင့် အခြားစပ်မျိုးများဖြင့် မျိုးမြှင့်တင်ရန် လိုအပ်နေသောကြောင့် အသားစားနွားမျိုး (ဘရာမန်)ဖြင့် အသားစားနွားဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

အသုံးတော်ကျေးရွာအုပ်စုတွင် ဥယျာဉ်ခြံမြေ ၆၀၀၀ ဧကခန့်တွင် နှစ်ရှည်ပင်များဖြစ်သော ထောပတ်နှင့်သရက်စိုက်ပျိုးပြီး ယာမြေ ၁၀၀၀၀ ဧကခန့်တွင် ပြောင်း၊ ကြက်သွန်၊ ပဲပုပ်၊ ပဲစင်းငုံနှင့် လယ်မြေ ၆၀၀၀ ဧက ခန့်တွင် မိုးစပါးနှင့်နွေစပါးသီးနှံများ ပုံမှန်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

ဒေသအတွင်း စိုက်ပျိုးရေးထွက်ကုန်များကို ရှမ်းပြည်နယ်အတွင်း စားသုံးရန်အတွက် သာမက အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

တိရစ္ဆာန်မွေးမြူထားရှိမှု အနေဖြင့် ဒေသနွား ၁၃၃၀ ကောင်ခန့်အား အသုံးတော်ကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာတွင် အများဆုံး မွေးမြူထားရှိပြီး အသားရိက္ခာအတွက် ဒေသတွင်း ထုတ်လုပ် ရောင်းချပေးနေသည်။

၂၀၂၁-၂၂ ဘဏ္ဍာရေးနှစ်တွင် ပုန်းတန်ကျေးရွာရှိ ဒေသနွားမ အကောင် ၅၀ နှင့် ဆမ်ဆိုင်၊ နမ့်ကွတ်နှင့်မိုင်းလုံကျေးရွာရှိ ဒေသနွားမ အကောင် ၅၀၊ စုစုပေါင်း နွားမအကောင် ၁၀၀ အား အသားစားနွားမျိုးချောင်းဖြင့် သားစပ်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပြည်နယ်အစီအစဉ်ဖြင့် ဖွင့်လှစ်မည့် မေထုန်မဲ့သားစပ်သင်တန်းအား စီမံကိန်းဝင်ဧရိယာရှိ တောင်သူများအား ဦးစားပေးတက်ရောက်နိုင်ရန် စီစဉ်ထားပြီး သင်တန်းပြီးဆုံးပါက မြို့နယ်ရှိ ကျွမ်းကျင်ဝန်ထမ်းများနှင့် ပူးပေါင်းကာ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ပိုမိုဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

စီမံကိန်းပါကျေးရွာများတွင် မွန်ဘာဆားတိရစ္ဆာန် အစာပင်ကျေးရွာတစ်ရွာလျှင် တစ်ဧကနှုန်းဖြင့် စံပြစိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီး ခွင့်ပြုပါက စီမံကိန်းဝင်လေးရွာတွင် လေးဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မေထုန်မဲ့သားစပ်သင်တန်း၊ မွေးမြူရေးနှင့် အခြေခံတိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း၊ အချက်အလက်နှင့်နည်းပညာဆိုင်ရာ မွေးမြူရေးသင်တန်းနှင့် တိရစ္ဆာန်အစာပင်နှင့် ချဉ်ဖတ်ဆိုင်ရာပြုလုပ်သိမ်းဆည်း ကျွေးမွေးခြင်း သင်တန်းများကိုလည်း ယင်းစီမံကိန်းဝင်ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်လျက်ရှိသည်။

**ဇော်လင်းထွန်း**

HELIANTHUS TRADING CO.,LTD
နေကြာပန်းထရေးဒင်းကုမ္ပဏီလီမိတက်
ကဏန်းပျော့မွေးမြူရေးစခန်း



Address
No.612 , Gawe Pin Kwin , Thidar Myaing Quarter , Kyauktan Tsp , Yangon.
Tel : +959 505 2116 , Email : winmyolin1977@gmail.com

စာရေးသူ စီးနင်းလိုက်ပါလာခဲ့တဲ့ကားလေးဟာ စစ်တွေ–ရန်ကုန်ကားလမ်းပေါ်ကနေ ကျောက်တော်ဘက်ကို ဦးတည်မောင်းနှင်နေပါတယ်။ နံနက် ၈ နာရီထိုးလေပြီမို့ အရှေ့ဖက်မှ နံနက်ခင်းနေရောင်ခြည်ဟာ ထိုးဖောက် ကျဆင်းလာနေပြီမို့ ပတ်ဝန်းကျင်ကမြင်ကွင်းတွေကို ရှင်းလင်းပီပြင်စွာ မြင်တွေ့နေရပါတယ်။ စာရေးသူ စီးနင်း ခဲ့တဲ့ကားဟာ ပုဏ္ဏားကျွန်း အခြေစိုက်ကားဖြစ်တာမို့ စာရေးသူကို စစ်တွေကနေခေါ်ဖို့ နံနက်စောစောအလာမှာ နှင်းတွေအုပ်ဆိုင်းနေပြီး မြင်ကွင်းမကောင်းတာကြောင့် ကားကို ဖြည်းဖြည်းပဲမောင်းခဲ့ရကြောင်း ပြောပါတယ်။ အခုတော့ နေရောင်ခြည်ဖြာဆင်းလာပြီမို့ တိမ်မြူတွေကင်းရှင်း စပြုလာနေပြီကို တွေ့ရပါတယ်။ တကယ်တော့လည်း နေလာရင် နှင်းပျောက်ရမြဲ မဟုတ်ပါလား။

# တိုးတက်ရန် အလားအလာရှိတဲ့ ရခိုင်ပြည်နယ်စိုက်ပျိုးရေး

ကျွန်းသားမေနန်း



စာရေးသူဟာ စစ်တွေက မြို့ပြင်ကိုမထွက်ဖြစ်ခဲ့တာ ကြာပါပြီ။ နှစ်နှစ်လောက်တောင် ရှိခဲ့ပါပြီ။ နှစ်စဉ်သွားရောက်ဖူးမျှော်မြဲဖြစ်တဲ့ မဟာမြတ်မုနိဘုရားဖူးခရီးတောင် မသွားဖြစ်ခဲ့တာပါ။ ၂၀၁၉ နှစ်ကုန်ပိုင်းလောက်မှာ စတင်ဖြစ်ပေါ်ခဲ့တဲ့ ကိုဗစ်–၁၉ ဆိုတဲ့ရောဂါဆိုးကြောင့် အိမ်တွင်းကနေ အိမ်ပြင်မထွက်ရဆိုတဲ့အမိန့်ကြောင့် တစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ နှစ်ဖက်တိုက်ပွဲတွေကြောင့် တစ်ကြောင်း ခရီးသွားလာဖို့အတွက်ကို ချုပ်တည်းနေခဲ့ရတာပါ။ ဒါပေမယ့်



၂၀၂၀ ခုနှစ် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအလွန်ကာလမှာ ရခိုင်တပ်တော် AA နဲ့ မြန်မာ့တပ်မတော်တို့အကြား နှစ်ဖက်နားလည်မှု ရယူနိုင်ခဲ့ပြီး နှစ်ဖက်တိုက်ပွဲတွေ ရပ်ဆိုင်းသွားတာကြောင့် ရခိုင်ပြည်သူတွေဟာ ကိုဗစ်ကိုတောင် မကြောက်တော့ဘဲ ပျော်ပျော်ရွှင်ရွှင် ဘုရားဖူးခရီးတွေ သွားလာခဲ့ကြတာကိုတွေ့ရပါတယ်။ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဆိုတဲ့ မြောက်ဦးခရိုင်၊ စစ်တွေခရိုင်အတွင်းမြို့နယ်တွေက ပြည်သူတွေ ဖြစ်ပါတယ်။

အပစ်အခတ်ရပ်ဆိုင်းသွားတဲ့အတွက် ရခိုင်ပြည်နယ်က တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ မဟာမြတ်မုနိ ဘုရားဖူးခရီးသည်တွေ ဘုရားမှာ ပြည့်နှက်နေတာကို တွေ့ရပါတယ်။ မဟာမြတ်မုနိဘုရားတင် မကပါဘူး။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသဖြစ်တဲ့ မြောက်ဦးမြို့နယ် လေးမြို့ချောင်း လှေစီးခရီးသည်တွေကိုလည်း တွေ့နေရပါတယ်။ ငြိမ်းချမ်းခြင်းရဲ့ ရသတစ်ခုပေါ့ခင်ဗျာ။ စာရေးသူဟာ ငြိမ်းချမ်းခြင်းရဲ့ရသကိုခံစာရင်း မရောက်တာကြာပြီဖြစ်တဲ့ မွေးရပ်ဇာတိကျေးရွာ ယိုးချောင်းကန်စောက်သို့ ခရီးသွားဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

### စိတ်ဝင်စားမှုနဲ့အားပေးမှု

ရခိုင်ပြည်သူတွေဟာ ခေတ်အဆက်ဆက်ကို ဖြတ်သန်းကျော်လွှားခဲ့ဖူးပါပြီ။ ဖဆပလအစိုးရ ၁၉၄၈–၁၉၆၁၊ တပ်မတော်အစိုးရ ၁၉၆၂–၁၉၇၄၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ ၁၉၇၄–၁၉၈၈၊ တပ်မတော်အစိုးရ (နဝတ၊နအဖ) ၁၉၈၈–၂၀၁၀၊ ဒီမိုကရေစီအစိုးရ ၂၀၁၁–၂၀၂၀ စတဲ့အစိုးရအဖွဲ့ အသီးသီးရဲ့ စီမံအုပ်ချုပ်မှုလက်အောက်မှာ နေခဲ့ရတာပါ။ ဒီနေရာမှာ လေ့လာတွေ့မြင်မိတာက အစိုးရတစ်ဆက်နဲ့တစ်ဆက်၊ ခေတ်တစ်ခေတ်နဲ့ တစ်ခေတ်ဟာ ဆယ်နှစ်ကျော်သာသာပဲ ရှိတတ်တာကို တွေ့ရတာပါပဲ။ စိတ်ဝင်စားစရာပါပဲ။

ရခိုင်ပြည်နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းဟာ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါတယ်။ ရခိုင်ကျေးလက်နေပြည်သူအများစုဟာ လယ်ယာလုပ်ငန်းကို အမှီပြုလုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် ခေတ်တွေ၊ စနစ်တွေ ပြောင်းလဲလာခဲ့သည့်တိုင် ရခိုင်ပြည်နယ်ရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဟာ ပြောင်းလဲတိုးတက်ခြင်း မရှိသေးပါဘူး။ ရခိုင်ပြည်နယ်ရဲ့လယ်ယာမြေတွေဟာလည်း တစ်နှစ်ထက် တစ်နှစ်နည်းပါးလာခဲ့တာကို တွေ့မြင်နေရပါတယ်။ ကမ်းပါးပြိုတာ၊ ကျေးရွာတွေ တိုးချဲ့တာ၊ စက်မှုမြေတွေ ဖော်ထုတ်တာ၊ လမ်း၊ တံတားတွေဆောက်လုပ်တာတွေကြောင့် လယ်မြေတွေဟာ ဆုံးရှုံးမှုများလာတာကို တွေ့နေရပါတယ်။ စာရေးသူ ပြောချင်တာကတော့ အစိုးရအဆက်ဆက်ပြောင်းလဲခဲ့ပေမယ့် ရခိုင်ပြည်သူတို့ အားထားမျှော်လင့်ရတဲ့ အဓိကစီးပွားရေးလုပ်ငန်းကြီးဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်လာခြင်း မရှိသေးတာပါပဲ။ ၁၉၄၈ ကနေ ၁၉၇၄ ခုနှစ်ကာလ အထိကတော့ ထားပါတော့။ အဲဒီအချိန်မှာ ရခိုင်ပြည်နယ်မှာ ဗကပ သောင်းကျန်းသူတွေ ကြီးစိုးခဲ့တဲ့ကာလမို့ အဲဒီအချိန်က အစိုးရတွေဟာ ဒေသဖွံ့ဖြိုးရေးကို ထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့ဘူးဆိုတာ လက်ခံနိုင်ပေမယ့် ဒီနောက်ပိုင်းကာလတွေဟာ ဒေသတည်ငြိမ် အေးချမ်းခဲ့တဲ့ကာလတွေ ဖြစ်ပါတယ်။ ဒီကာလတွေမှာတောင် ရခိုင်ပြည်နယ်ရဲ့ စိုက်ပျိုးရေးဟာ တိုးတက်ပြောင်းလဲလာတာကို မတွေ့ခဲ့ရပါဘူး။

ရခိုင်ပြည်သူတွေကပဲ အားနည်းခဲ့တာလား၊ အုပ်ချုပ်သူအစိုးရတွေကပဲ အလေးထား အားပေးဆောင်ရွက်ပေးမှု အားနည်းခဲ့တာလား။ စာရေးသူကတော့ နှစ်ဦးနှစ်ဖက်လုံး အားနည်းခဲ့တယ်လို့ ပြောလိုပါတယ်။ ဒီနေ့ထိ ရခိုင်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ ထဲထဲဝင်ဝင်မရှိသလို၊ စက်မှုလယ်ယာဦးစီးဌာနမှာ လယ်ထွန်စက်တွေ ရှိပါတယ်။ တောင်သူတွေ ငှားရမ်းထွန်ယက် လုပ်ကိုင်နိုင်တယ်ဆိုပေမယ့် တောင်သူတွေစိတ်ဝင်စားမှု အားနည်းနေတာကိုတွေ့ရပါတယ်။ ထို့အတူပါပဲ၊ စပါးရိတ်သိမ်းနယ်လှည့်စက်တွေရှိပေမယ့် တောင်သူတွေ စိတ်ဝင်စားမှု အားနည်းနေတာတွေကို တွေ့ရပါတယ်။ ဘာကြောင့်လဲ။ ပြဿနာကို အဖြေရှာသင့်ပါတယ်။ တတ်နိုင်တဲ့ တောင်သူတစ်ဦးစ၊ နှစ်ဦးစကတော့ ကိုယ်တိုင် ထွန်စက်တွေဝယ်ယူ၊ ရိတ်သိမ်းစက်တွေဝယ်ပြီး တစ်ပိုင်တစ်နိုင်လုပ်နေကြတာကိုလည်းတွေ့ရပါတယ်။ အရင်းအနှီးကြီးမားတာကြောင့် သိပ်ပြီးမတတ်နိုင်တာကိုလည်း တွေ့ရပါတယ်။ ဒါနဲ့တစ်ဆက်တည်းပဲ စာရေးသူ စဉ်းစားဖြစ်မိတာက လျော့နည်းသွားတဲ့ စိုက်ပျိုးမြေတွေ အစားထိုးနိုင်ဖို့ဆိုတာ သီးထပ်စိုက်ပျိုးနိုင်ရေးပဲ ဖြစ်ပါတယ်။

မိုးစပါး၊ နဲ့ နွေစပါးစိုက်ပျိုးရေးကိုလည်း မြေတောင်မြှောက်ပေးရမှာပါ။ ရခိုင်ပြည်နယ်မှာ နွေစပါးစိုက်ပျိုးတဲ့ဒေသဟာ ရခိုင်ပြည်နယ် မြောက်ပိုင်းလို့ပြောပြောနေကြတဲ့ မောင်တောနဲ့ ဘူးသီးတောင် နယ်မြေမှာသာ အများဆုံးဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။ စပါးစိုက်ဧကအများအပြားရှိပြီး ရခိုင်ပြည်နယ်ရဲ့ စပါးကျီလို့ တင်စားရတဲ့ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားစတဲ့နေရာတွေမှာ မြစ်ရေတင်စီမံကိန်းတွေ၊ ဆည်၊ တာတမံတွေရှိနေပြီး ဖြစ်ပေမယ့် နွေစပါးစိုက်ပျိုးမှုက မရှိသလောက်ပါပဲ။

စာရေးသူရဲ့ခရီးမှာ စီးနင်းခဲ့တဲ့ကားပိုင်ရှင် (ယာဉ်မောင်းလည်းဖြစ်)ဟာ ပုဏ္ဏားကျွန်းမြို့သား စာရေးဆရာ

စာ – ၁၃ သို့